www.burmeseclassic.com

# မောင်လှမျိုး (ချင်းချောင်းခြံ)

## ဒေါက်တာ နတ်သူ့ကျွ

နှင့်

## စိတ်ဓါတ်အပိုင်းအစများ




သင်တို့သည် လည်းကောင်း...
ကျွန်တော်တို့သည် လည်းကောင်း...
တစ်စုံတစ်ခုကို (သို့မဟုတ်) တစ်စုံတစ်ဦးကိုပြန်လိုချင်နေသေးလျှင်
ထိုအရာတို့သည် သင်တို့ ကျွန်တော်တို့အတွက် "တန်ဖိုးရှိသောအရာများ" ...ဟု၊
သုံးသပ် သတိမူတတ်ပါရစေ...။

www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၆၀၀၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၆၅၆၀၆၀၇ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၀၀ |
| မျက်နှာဖုံးဒီဇိုင်း | သက်ထားအိ |
| ထုတ်ဝေသည့်လ | ၂၀၀၇၊ အောက်တိုဘာ<br>(ပထမအကြိမ်) |

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်တင်တင်အုန်း(၀၃၇၄၈)<br>စိန်သရဖူစာပေ<br>၆၆/၆-လမ်း၊ လမ်းမတော်၊<br>ရန်ကုန်။ |
| ပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)<br>ကလျာပုံနှိပ်တိုက်၊<br>အမှတ်၁၅၂၊ကျွန်းတောမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |


www.burmeseclassic.com

www.burmeseclassic.com


# မောင်လှမျိုး

(ချင်းချောင်းခြံ)

# ဒေါက်တာနတ်အိုးကွဲ

နှင့်

## စိတ်၏အပိုင်းအစများ



BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

# ဒေါက်တာနတ်အိုးကွဲ

နှင့်

# စိတ်၏အပိုင်းအစများ

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်တွင် ပါဝင်သော ဝါကျများကို ရသ
စာတမ်းများဟုလည်း အမည်တပ်ပေးလိုပါ၏
ရသဆောင်းပါးများဟုလည်း အမည်တပ်ချင်ပါ၏။
ဘဝတစ်လျှောက်တွင် ကြုံတွေ့ခဲ့ရသော
ကိစ္စများမြောင်ထဲမှ တစ်ခဏအတွင်း၊ တစ်ဒင်္ဂအတွင်း
ထသွားထလာ ပြောပြစရာလေးများကို ကျွန်တော်
ချစ်ခင်လေးစားသော စာဖတ်ပရိသတ်များအားလုံးအတွက်
ရည်စူး ရေးသားခဲ့ခြင်း ဖြစ်သည်။
ကောင်းနိုးရာရာများ... ဟု ခံယူ ယူဆကာ
ချစ်သည်းပေးအပ်လိုက်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲတွင် ကိန်းဝပ်သိမ်းဆည်းထားခဲ့ရသော

ခံစားမှု အပိုင်းအစများသာ ဖြစ်ပါသည်။

ထို့ကြောင့် မိတ်ဆွေအပိုင်းအစများမှာ

အမည်ကပ်မထိပါသည်။

ချစ်သော စာဖတ်ပရိသတ်များအားလုံး ရယူပိုင်ဆိုင်

မြတ်နိုးနိုင်ကြပါစေသတည်း... ။ ။

လေးစားခင်မင်လျက်...

မောင်လှမျိုး(ချင်းချောင်းခြံ)


(ခေတ္တ-လူ့ပြည်)

- ဒူးရင်းသီးစားသူများ
- အဲဗားမောနင်း
- ရေချိုးခန်း
- ပုလ္လဲအားသာကွန်း၊ လက်စားချေခြင်းနှင့် ကျော်ဟိန်း၏လက်ထဲကတူ
- အမွေမက်သူများ
- ဒေါက်တာနတ်အိုးကွဲ
- နှစ်ဖက်မြင်
- တန်ဖိုးအရှိဆုံး
- အရိပ်တကြည့်ကြည့်
- ပန်းတို့၏ပတ်ဝန်းကျင်
- သေခြင်းတရားကို ကျေးဇူးတင်ပါသည်။
- အကြိမ်ကြိမ်
- ရည်စားထားသူများ
- ထပ်တူညီတြိဂံများ
- ကိုရီးယားမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

# ဒူးရင်းသီးစားသူများ




www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒူးရင်းသီး ဝယ်တဲ့သူတွေ ပြောပါတယ်။

ဒူးရင်းသီးရဲ့အထဲကို ခွဲကြည့်ခွင့်မရဘဲ အပြင်ဘာန်းကကြည့်ပြီး ခန့်မှန်းခြေနဲ့ ဝယ်ကြရတာလေ။ (မှည့်လွန်းအားကြီးပြီး အခွံက သေးကားထွက်နေတာမျိုးတော့ ရှိတာပေါ့။ အဲဒါမျိုးက ခန့်မှန်းရတာ လွယ်တာကိုး။)

စမ်းရေပြာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . .

ခွဲကြည့်ခွင့်မရ၊ ဆိတ်ဆွကြည့်လို့လဲမဖြစ်တဲ့ အခြေအနေမျိုးမှာ ဝယ်တဲ့သူတွေ သိပ်တော်ကြပါတယ်။

နံပါတ် (၁) အရောင်ကိုကြည့်သတဲ့။ အခွံရဲ့အရောင်ဟာ စိမ်းဖန့်ဖန့်ဖြစ်နေသေးတယ်ဆို၊ ဒါ . . အလွယ်ကူဆုံး ခန့်မှန်းချက်က မမှည့်သေးဘူး။ စားလို့မဖြစ်သေးဘူး။ နုပါသေးတယ်။

နံပါတ် (၂) ဆူးအစိပ်အကျဲကိုကြည့်သတဲ့။ အရောင်ကလည်း ရွှေအိုရောင်လေး သန်းနေမယ်။ ဆူးချွန်လေးတွေကလည်း တိုးတိုးထောင် ထောင်နဲ့ ကျဲကျဲကားကားလေးဖြစ်နေမယ်ဆိုရင်၊ ဒါဟာ မှည့်တဲ့ဒူးရင်းသီး၊ အထဲမှာလည်း အမွှာကြီးဖို့ အလားအလာကောင်းတဲ့ ဒူးရင်းသီး . . လို့ ခန့်မှန်းသတ်မှတ်ပြီး ဝယ်ယူတတ်ကြတယ်။

ဒူးရင်းသီးဝယ်တဲ့သူတွေ ပြောပါတယ်။





အပြင်ဘန်းကိုကြည့်ပြီး ခန့်မှန်းတတ်လိုက်ကြတာ။ လက်ဖျား ခါရလောက်အောင်ပါပဲ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျွန်တော် ဆံပင်ရှည်ကြီးကို ညှပ်ပစ်လိုက်တာ ကြာပါပြီ၊ ဆံပင်ရှည်ထားတိုင်းလည်း လမ်းသရဲမထင်နဲ့ ဆိုတဲ့ သီချင်းမျိုးနဲ့တော့၊ ကျွန်တော်‥ ကိုယ့်ကိုကိုယ် မကာကွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့‥ ကျွန်တော်တို့ သူငယ်ချင်းအများစုက ဆံပင်ရှည်ထားတတ်ကြတာကိုး။





လက်မှာလည်း စတီးကွင်းတွေနဲ့။ လည်ပင်းမှာလည်း ဟိုကြိုး၊ ဒီကြိုးတွေနဲ့၊ ဆံပင်ကလည်း ကုတ်ဝဲ။

အဲဒီလိုပုံစံနဲ့၊ အစ်မဝမ်းကွဲတစ်ယောက်ရဲ့ အလုပ်ဌာနကို သွားတယ်၊ အဝင်ဝက လုံခြုံရေးတာဝန် ထမ်းဆောင်သူက 'ဟေ့ကောင်၊ ဘယ်လဲ' တဲ့၊

ကျွန်တော်က 'အပေါ်ကိုသွားမလို့‥' လို့ ပြောပြီး အတင်းဝင်ပစ်လိုက်တယ်။ ကျွန်တော်ကအဝင်၊ ကျွန်တော့်အစ်မက ရုံးအဆင်းမို့ ဘာပြဿနာမှတော့ မတက်လိုက်ပါဘူး။

လုံခြုံရေးဝန်ထမ်းက သူ့တာဝန်သူ ထမ်းဆောင်တဲ့အနေနဲ့ ကျွန်တော့်ကို စစ်ဆေးမေးမြန်းတာပါ။ ကျွန်တော့်ရင်ထဲမှာ တစ်ခုခုဖြစ်သွားတာတော့၊ အမှန်ပါပဲ။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

(၃)

ရန်ကုန်မြို့ရဲ့ လမ်း ၃၀ ထိပ် ပလက်ဖောင်းပေါ်မှာ ကောင်မလေးတစ်ယောက်ကို လူတွေအုံနေကြတယ်။ သူ့မှာ အဖော်သုံးယောက်တော့ပါတယ်၊ လူအုပ်ထဲမှာ ကျွန်တော်ဝင်ကြည့်လိုက်တော့ ကောင်မလေးသတိလစ်နေတယ်။ မျက်ဖြူလန်နေတယ်။ နှုတ်ခမ်းလေးတွေ ဖြူဖတ်ဖြူလျော်၊ သွေးရောင်မသန်းတော့ဘူး။ ၉





ခုနက ဝတ်ပုံစားပုံမျိုးနဲ့ ကျွန်တော်က 'ဘာဖြစ်တာလဲ'၊ 'ဘာရောဂါရှိသလဲ' လို့ သူ့သူငယ်ချင်းတစ်ယောက်ကိုမေးတော့ မဖြေချင်ဖြေချင်နဲ့ အစာအိမ်ရောဂါရှိတယ်တဲ့။ ကျွန်တော်က စိုးစိုးရိမ်ရိမ်နဲ့ အခုဘာလုပ်မှာလဲ။ ကျွန်တော် ဘာအကူအညီပေးရမလဲလို့ မေးတဲ့အခါ၊ အဲဒီမိန်းကလေးက

'မလိုဘူး။ ရတယ်၊ အိမ်ပြန်ခေါ်သွားမလို့ ကားငှားနေတာ'

အိမ်လိပ်စာမေးကြည့်မိပါသေးတယ်။ ကာယကံရှင်မိန်းကလေးရဲ့ အိမ်နေရပ်က အငှားကားနဲ့သွားရင်တောင် နောက်ထပ် မိနစ် (၃၀) လောက် ကြာဦးမယ့် နေရာဒေသဖြစ်နေပါတယ်။

အဲဒါကြောင့်. . . ကျွန်တော်က. . .

'ဟာ။ အဲ့ဒီလောက်အချိန်မရနိုင်ဘူး ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုပို့မယ့်အစား၊ ဒီအနားမှာရှိတဲ့ ဆေးခန်းကိုပို့ရင် ပိုကောင်းမယ်ထင်တယ်။ ကျွန်တော် ကူညီပါရစေ။ ကျွန်တော့်မှာ ပိုက်ဆံပါပါတယ်၊ လူနာရဲ့အခြေအနေက၊ မျက်နှာမှာ သွေးရောင်တောင်မရှိတော့လို့ပါ။ ကျွန်တော် ပေးတဲ့အကြံကို လက်ခံပါလားဗျာ'

ဘေးကလူတွေရော၊ အဲဒီကောင်မလေးတွေရော၊ ကျွန်တော့်ကို အကြည့်တစ်မျိုးနဲ့ ကြည့်ကြတယ်။ တစ်ယောက်က

'ဟာ၊ အသည်းအသန်ကြီးပါလား။ သူ့ရောဂါကို သူ့အိမ်ကပဲ သိမှာပေါ့။ မလိုဘူး ရတယ်။ ကိစ္စမရှိဘူး'

ခပ်လှမ်းလှမ်းမှာရှိတဲ့ ဆေးခန်းကိုတစ်လှည့်၊ သတိလစ်နေတဲ့ လူနာကောင်မလေးကို တစ်လှည့်ကြည့်ပြီး ကျွန်တော် အိမ်ကိုပြန်လာခဲ့မိတော့တယ်။





ရင်ထဲမှာ တစ်ခုခုဖြစ်သွားတာတော့ အမှန်ပါပဲ။

❖

ကျွန်တော် ဆံပင်ကို တိုတိုကပ်ကပ်လေး ညှပ်ပစ်လိုက်တယ်။ ကျွန်တော့်အမေက ကျွန်တော့်ကို ချီးကျူးပါတယ်။

'အခုမှ . . . လူရုပ် ထွက်လာတယ်'

တဲ့။ သူငယ်ချင်းမိန်းကလေးတွေကလည်း ပြောကြတယ်။ 'အဲဒီလို သပ်သပ်ရပ်ရပ်နေစမ်းပါ' တဲ့။ (အဲဒီစကားသံတွေကို ကြားရတာ ကျွန်တော် စိတ်ညစ်သွားတယ်။)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်လက်ခလယ်မှာ စိန်လက်စွပ် ၁ ကွင်း ဝတ်လိုက်တယ်။ ညာဘက်လက်သူကြွယ်မှာ ပတ္တမြားလက်စွပ် ၁ ကွင်း ဝတ်လိုက်တယ်။ နာရီနဲ့ ရွှေလက်ပတ်ကြိုးကို ရောဝတ်လိုက်တယ်။ နီညိုရောင် ကတ္တီပါ ဖိနပ်လေးကို ကြော့ကြော့လေးစီးလိုက်ပြီး ကျွန်တော့်အစ်မရဲ့အလုပ်ဌာန ကို၊ သွားလိုက်တယ်။

ခုနက 'ဟော့ကောင်ဘယ်လဲ' လို့ မေးမြန်းစစ်ဆေးဖူးတဲ့ ဝန်ထမ်း က ကျွန်တော့်ကိုမြင်တာနဲ့ ကိုယ်ကိုရို့ပြီး မှန်တံခါးလေးကို ရှိရှိသေသေ ဆွဲဖွင့်ပေးတယ်။

❋

ကျွန်တော့်အစ်မနဲ့အတူ ကျွန်တော် ရုံးပေါ်ကဆင်းခဲ့တယ်။



(၄)

ဆံပင်ညှပ်ပြီးတဲ့နောက်၊ ကော်လံပြတ်အကျီအဖြူရောင်လေးနဲ့ ယောလုံချည် အညိုရောင်လေးကို ကျွန်တော် သပ်သပ်ရပ်ရပ်ဝတ်တယ်။ ပြီးတော့ . . လက်ထဲမှာ ဖိုင်တစ်ခုကို ကိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင်တစ်ယောက်ရဲ့ အိုက်တင်မျိုးနဲ့ပေါ့။ တစ်ယောက်ယောက်ကို ပြုံးပြခဲ့တာတောင်မှ ဟက်ဟက်ပက်ပက်မဟုတ်ဘူး။ ချွေချွေတာတာလေး ပြုံးပြခဲ့ပါတယ်။

(အိုက်တင်ပေါ့ဗျာ)

❈ ❈ ❈





လမ်းမှာ ဒူးရင်းသီးဝယ်နေတဲ့သူတွေကို တွေ့တယ်။ အပြင်ဘက်မှာ ဆူးတွေကိုကြည့်၊ အရောင်အဆင်းကိုကြည့်ပြီး ရွေးချယ်ခန့်မှန်းနေလိုက်ကြတာဗျာ၊ အံ့သြလောက်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒူးရင်းသီးဝယ်တဲ့အခါ အပြင်ဘက်ကကြည့်ပြီး ကျွမ်းကျွမ်းကျင်ကျင် ခန့်မှန်းတဲတ်ကြသလိုမျိုး လူတစ်ယောက်နဲ့တစ်ယောက် ပြောဆိုဆက်ဆံတဲ့နေရာမှာလည်း အပြင်ဘန်းကိုကြည့်ပြီး အတွင်း'စိတ်'ကို ခန့်မှန်းတတ်ကြရင်၊ သိပ်ကောင်းမှာပဲနော်။ ။

အတွဲ (၂)၊ အမှတ် (၁၀၀)၊ နံနက်ခင်း သတင်းဂျာနယ်



## အဲဗားမောနင်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

ရပ်ကွက်ထဲမှာ လူငယ်တွေရှိကြတယ်။

အရွယ်စုံ၊ ပုံစံစုံ၊ ဘဝစုံ၊ စရိုက်စုံ။

အဲဒီအထဲမှာမှ ကျွန်တော်နဲ့ရင်းနှီးတဲ့ လူငယ်အုပ်စုလေးတွေမှာ။

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နာမည်ပြောင်တွေ ကိုယ်စီရှိကြတယ်။

ဥပမာ – ဘိုဘိုဆိုတဲ့ကောင်လေးကို 'ဦးဘိုကြီး' ဆိုပြီး ခေါ်ကြတယ်။ သူက အရပ်ရှည်ရှည်၊ ဝတ်ပုံ ဆင်ပုံက၊ ဦးလေးကြီးတစ်ယောက်နဲ့ တူလို့၊ 'ဘိုဘို' ဆိုတဲ့နာမည်ကို မခေါ်တွင်ကြတော့ဘဲ၊ 'ဦးဘိုကြီး' လို့ ခေါ်ကြတယ်။

အဲဒီလိုဘဲ ဖိုးဇော်ဆိုတဲ့ကောင်လေးကိုလည်း၊ ဘောလုံးကစားတဲ့အခါ စွာတာတာနိုင်လွန်းလို့ 'စမစ်' ဆိုတဲ့ နာမည်ကိုပဲ ခေါ်ကြတယ်။

နေလင်းထွန်းဆိုတဲ့ ကောင်လေးကျတော့ ဂစ်တာတီးတဲ့အခါ ဟာကယ့်ကို ဗီလင်အပြည့် မာန်အပြည့်နဲ့ (မျက်လုံးမှိတ်ပြီး) တီးတတ်လို့၊ ဆရာကြီးအိုက်တင်နဲ့ တီးတာပဲဆိုပြီး နာမည်အရင်း နေလင်းထွန်းကို မခေါ်ဝေါ်ကြတော့ဘဲ၊ 'ဆရာကြီး' ဆိုတဲ့ နာမည်ပြောင်ကို ခေါ်ဝေါ်ကြတယ်။





ကြာလာတော့ နာမည်အရင်းတွေတောင် မသိကြတော့ဘဲ၊ အပြောင်အပျက်ခေါ်တဲ့ နာမည်တွေသာ တွင်တွင်မြည်အောင် ခေါ်ဝေါ်နေကြတော့တာပေါ့။ (နာမည်ပြောင်တွေမှ အများကြီးပါပဲ။ ရေမြင်းတဲ့။ တစ်လုံးတဲ့။ ဗိုက်ကြီးတဲ့။ ဇီးကွက်တဲ့ . . . ။ စသည်ဖြင့်ပေါ့။)

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

(၂)

အဲဒီအထဲမှာ 'မောနင်း' ဆိုတဲ့ နာမည်ပြောင်ကို ပိုင်ဆိုင်ရသူ တစ်ယောက်အကြောင်းကို ပြောပြပါရစေ။

သူ့နာမည်အရင်းက 'ဘိုဘိုမြင့်' တဲ့။





သူက ဆင်းရဲတယ်။ ဒါပေမယ့် ဘယ်တော့မှ စိတ်ဆင်းရဲ၊ လူဆင်းရဲ ပုံစံမျိုး သူ့မှာမရှိဘူး။ အမြဲတမ်း နောက်နောက်ပြောင်ပြောင် ပျော်ပျော်ပါးပါးပဲ နေလေ့ရှိတယ်။

သူက... ဘောလုံးသမားပါ။

ငယ်ငယ်ကတည်းက လက်ရွေးစင် ဘောလုံးသမားဖြစ်ရမယ် ဆိုပြီး အချိန်တိုင်း အားခဲကြိုးပမ်းနေသူတစ်ယောက်ပါ။

အခု ဒီစာဝါကျတွေ၊ ကျွန်တော်ရေးနေချိန်မှာ အဲဒီ 'ဘိုဘိုမြင့်' ဟာ ဘောလုံးအသင်းတစ်သင်းရဲ့ အသင်းသားတစ်ဦး ဖြစ်နေပါပြီ။

***



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုမြင့်ကို 'မောနင်း' လို့ သူငယ်ချင်းတွေ ခေါ်ကြရတဲ့ အကြောင်းက သူ တစ်နေရာရာကို သွားခါနီးရင်ပဲဖြစ်ဖြစ်၊ တစ်ယောက်ယောက်ကို နှုတ်ဆက်ရင်ပဲ ဖြစ်ဖြစ်၊ လက်တစ်ဖက်မြှောက်ပြီး Morning (မောနင်း) လို့ ပြောဆိုနှုတ်ဆက်လေ့ရှိပါတယ်။





ဥပမာ –

ဆရာတစ်ယောက်ယောက်နဲ့ လမ်းမှာတွေ့ရင်

'ဆရာ•• မောနင်း' (ဒါမှမဟုတ်) 'မောနင်းပါ ဆရာ'

အဲဒီလို နှုတ်ဆက်လေ့ရှိပါတယ်။ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ တွေ့ရင်လည်း

'မောနင်း သူငယ်ချင်း'

လို့ နှုတ်ဆက်လက်ပြတတ်ပါတယ်။

အမှန်က Good Morning (မင်္ဂလာနံနက်ခင်းပါ) ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို အတိုကောက် ပြောဆို သုံးနှုန်းတာပါပဲ။

Good Morning ကို အပြည့်အစုံမသုံးတော့ဘဲ၊ Morning (မောနင်း)လို့ တစ်လုံးတည်းကိုသာ သုံးနှုန်းလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် သူ့ကို အာလုံးက 'မောနင်း' လို့ ခေါ်ဝေါ်ကြတာပေါ့။

❋❋❋



ညတစ်ညမှာ

သူ ကျွန်တော့်ကို နှုတ်ဆက်ပါတယ်။

'အစ်ကို. . . မောနင်း'

အဲဒီလိုနှုတ်ဆက်လိုက်တော့ ကျွန်တော်က ပြုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်း . . ဘိုဘိုမြင့်၊ မင်း . . နာရီကို လည်း ကြည့်ဦး၊ နာရီမကြည့်ရင်တောင် နေဝင်သွားပြီ ကွ၊ Morning မဟုတ်တော့ဘူး။ Evening ဖြစ်နေပြီ၊ ဘာဖြစ်လို့ မောနင်း . . လို့ နှုတ်ဆက်ရတာလဲ။ မင်း အင်္ဂလိပ်စာ မတတ်ဘူးလား'

အဲဒီလိုပြောလိုက်တော့ . . သူက . .

'အစ်ကို၊ နေက သူ့ဘာသာ ဝင်သွားတာ။ ကျွန်တော်နဲ့ မဆိုင်ဘူး။ ကျွန်တော်ကတော့ အဲဗားမောနင်းပဲ'။

'အဲဗားမောနင်း' ဆိုတာ အင်္ဂလိပ်စာမှာ မရှိပါဘူး။ ကျွန်တော် လွယ်လွယ်နဲ့ နောက်ပြီး ပြောတာ။





ကျွန်တော် ဆိုလိုချင်တာက ကျွန်တော်တို့ လူငယ်တွေရဲ့ဘဝမှာ အမြဲတမ်း (အဲဗား) မနက်ခင်း (မောနင်း) ဖြစ်နေရမယ်။ နေဝင်တယ်ဆိုတာ မရှိစေရ ဘူး။

အဲဒါကြောင့် ညဥ့်နက်သန်းခေါင်ဖြစ်နေပေ့စေ။ ကျွန်တော်ကတော့ တွေ့တဲ့လူတိုင်းကို Good Morning လို့ပဲ နှုတ်ဆက်ချင်တယ်။

လူတိုင်းရဲ့ ဘဝ၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက် တွေနဲ့ ကြိုးပမ်းနေတဲ့ လူငယ်တိုင်းရဲ့ဘဝတွေ အတွက် အမြဲတမ်း မင်္ဂလာ မနက်ခင်း ဖြစ်နေစေချင် တယ်။ နေဝင်သွားပြီ၊ မိုးချုပ်သွားပြီဆိုတာ စကားအဖြစ် နဲ့တောင် မသုံးချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် အစ်ကို့ကို ကျွန်တော်က
'မောနင်း' လို့ နှုတ်ဆက်လိုက်တာ။ မြန်မာ
ဆန်ဆန် ပြောရရင် အဲဗားမောနင်းပဲ.. ဟဲ..
ဟဲ

သူ့...

ရယ်ရယ်မောမောနဲ့ ပြောလိုက်တဲ့ စကားလုံးတွေက ကျွန်တော့် ရင်ထဲကို ထိထိရောက်ရောက် နိဝင်သွားပါတယ်။

ဟုတ်တယ်။ သူပြောသလိုပဲ။ အားလုံးရဲ့ဘဝတွေဟာ အမြဲတမ်း မနက်ခင်းဖြစ်နေကြရင် သိပ်ကောင်းမှာပဲ။

2003. May (1)

2:17 (PM)

အတွဲ (၂)၊ အမှတ် (၈၈)၊ နံနက်ခင်းသတင်းဂျာနယ်

စမ်းရေပြောစာပေ

ရေချိုးခန်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော်က ဆင်းရဲသားဆိုတော့ ဆင်းရဲသားရပ်ကွက်ထဲမှာပဲ နေပျော်အောင် နေရပါတယ်။ ငယ်စဉ်ကတည်းက အဲဒီရပ်ကွက်လေးထဲမှာ နေခဲ့တာဆိုတော့... အဲဒီရပ်ကွက်လေးနဲ့ ခွဲပြီး ဘယ်မှမသွားချင်တော့ဘူး။

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သိကြတဲ့အတိုင်းပဲ။ ဆင်းရဲသားရပ်ကွက်လေးထဲမှာ လူငယ်တွေ အများကြီးရှိတယ်။ လူငယ်ဆိုတော့ လူငယ်စရိုက်အတိုင်း နေထိုင်ကြတာပေါ့။

အသက် ၃၆ နှစ်ပြည့်ပြီးပြီဖြစ်တဲ့ ကျွန်တော်တောင်မှ အဲဒီ လူငယ်တွေနဲ့ တွဲတွဲပြီး လူငယ့်စရိုက်ကို (အခုအချိန်အထိ) ဖျောက်ပယ် လို့ မရသေးဘူး။

စိတ်ညစ်စရာကောင်းတဲ့ (ဆင်းရဲတဲ့) ဘဝတွေကို စိတ်ပျော်ရွှင်စရာ တွေနဲ့ ဖြည့်ဆည်းနေထိုင်ခဲ့ရတာလေ။

ညနေခင်းဆိုရင် လူငယ်တွေ ရပ်ကွက်ထဲမှာ ဘောလုံးသေးသေး လေးနဲ့ ဘောလုံးကစားကြတယ်။ လမ်းသွားလမ်းလာတွေကို ထိခိုက်မိလို့ ခုတလော ပြဿနာဖြစ်တယ်။

နောက်တော့ ရပ်ကွက်ထဲမှာ လူငယ်တွေအတွက် ဘောလုံး





ကစားစရာ နေရာမရှိတော့ဘူး။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၂)

ညဘက်ဆိုရင်လည်း . .

ဟိုနားတစ်အုပ်စု၊ ဒီနားတစ်အုပ်စုနဲ့ ဂစ်တာဝိုင်းတွေဖွဲ့ပြီး အော်ကြ ဟစ်ကြပြန်ပါတယ်။ (အဲဒီအထဲမှာ ကျွန်တော်ပါ ပါပါနေတော့ လူ မျက်မှန်းကျိုးစရာ ဖြစ်နေတော့တာပေါ့။)





ငြိမ့်ငြိမ့်ညောင်းညောင်း သီချင်းလေးတွေ သီဆိုတတ်ကြသလို တစ်ခါတစ်ရံ အော်ဟစ်သီဆိုလိုက်မှ ရင်ထဲမှာ ပေါ့ပါးသွားရတဲ့ သီချင်း မျိုးတွေလည်း ဟစ်မိကြတာပေါ့။

မီးကုန်ယမ်းကုန် သောင်းကျန်းကြတာမဟုတ်ပေမယ့် ညဥ့်နက် သွားတဲ့အခါမျိုးမှာ နည်းအမျိုးမျိုးနဲ့ ဟန့်တားကြတာကို ခံကြရပြန်ပါ တယ်။

စာမေးပွဲနီးတဲ့ နေ့ရက်တွေ၊ နာရေးရှိတဲ့နေ့ရက်တွေကို ရှောင် ရှားခဲ့ကြတယ်။

နာမကျန်းဖြစ်နေတဲ့နေအိမ်နဲ့ ဝေးတဲ့နေရာမျိုးမှာသာ အော်ကြ၊ ဟစ်ကြ၊ သီဆိုကြဖို့ တစ်ယောက်နဲ့တစ်ယောက် အကြံပြုရင်း ထိန်းထိန်းသိမ်းသိမ်း ပျော်ပိုက်ခဲ့ကြတာပါ။

ဒါပေမယ့် . .



www.burmeseclassic.com

www.burmeseclassic.com



ခံ့မှုအမျိုးမျိုးနဲ့ ကြုံရတဲ့အခါ လူငယ်တွေ စိတ်ညစ်ကြရတယ်၊ ကျွန်တော်လည်း စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါတယ်။

❖❖❖





ကျွန်တော့် အလိုအရ ပြောရရင် ကျွန်တော်ကိုယ်တိုင်က လူငယ်ဖြစ်ခဲ့ဖူးသူဆိုတော့ လူငယ်တွေကို ကိုယ်ချင်းစာစေချင်ပါတယ်။ အရက်ဆိုင်တွေ၊ ကာရာအိုအေခန်းတွေ၊ ညကပွဲတွေမှာ လူငယ်တွေ မူးမူးရူးရူး ပျော်ပါးနေကြမယ့်အစား၊ ရပ်ကွက်ထဲက ဓာတ်တိုင်အောက်မှာ အုတ်ခုံပေါ်မှာ အော်ဟစ်သီဆိုနေကြတာ ပိုပြီး စိတ်ချမ်းမြေ့စရာကောင်းပါတယ်။

အအိပ်ပျက်လို့ တားတဲ့သူ၊ နားငြီးလို့ တားတဲ့သူ၊ သရုပ်ပျက်လို့ဆိုတဲ့ စွပ်စွဲချက်နဲ့ တားတဲ့သူတွေကို ကျွန်တော် ကိုယ်ချင်းစာပါတယ်။

ဒါပေမယ့် လူငယ်တွေကိုလည်း ကိုယ်ချင်းစာစေချင်ပါတယ်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်တော် ငယ်ငယ်တုန်းက ကျေးလက်ရဲ့ လယ်ကွင်းထဲမှာ လွတ်လွတ်လပ်လပ် အဟန့်အတားမရှိ ဂစ်တာတီးပြီး သီချင်းအော်ဆို ဖြစ်ပါတယ်။





မြို့ပြရဲ့ ရပ်ကွက်ထဲမှာကျတော့ လယ်ကွင်းပြင်လောက် ကျယ်ပြော လွတ်လပ်တဲ့ သီဆိုအော်ဟစ်စရာ၊ နေရာကွက်လပ် ရှားပါးနေပြန်ပါ တယ်။

တစ်နေ့မှာ. . .။

ကျွန်တော် ရေချိုးခန်းထဲမှာ ရေချိုးရင်းနဲ့ ကိုလေးဖြူရဲ့သီချင်း တစ်ပုဒ်ကို အသံကုန် အော်ဟစ်သီဆိုမိပါတယ်။

*'ဒါတွေဟာ မှားယွင်းသွားတဲ့ လှည့်ကွက်များရဲ့*

*ဝိညာဉ်တွေလား ××× ငါဟာ ပျောက်ဆုံးခဲ့ ဒဏ်ရာများ*

*နဲ့ ကုန်သည်တစ်ယောက်ဟာ ငါပဲလား×××'*

ဆိုတဲ့ 'စုန်းမ' အမည်ရတဲ့ သီချင်းပါ။

အဲဒီသီချင်းကို ရေချိုးခန်းထဲမှာမဆိုဘဲ ရပ်ကွက်ထဲက ခါတ်တိုင် အောက်မှာသာ အော်ဆိုမိခဲ့ရင် 'အော်လွန်း၊ ဟစ်လွန်းလို့' ရပ်ကွက်က



www.burmeseclassic.com

www.burmeseclassic.com

ကန့်ကွက်ကြဉ်းမှာ အမှန်ပါပဲ။

ရေချိုးခန်းထဲမှာ သီချင်းကို အော်ဆိုပြီးပြီးချင်း ကျွန်တော် တစ်ခုတွေးလိုက်မိပါတယ်။ အဲဒီအတွေးကို ညဘက်မှာ လူငယ်တွေနဲ့ ဆွေးနွေးဖြစ်ပါတယ်။

❖ ❖ ❖





'မင်းတို့ . . . သီချင်းအော်ဆိုဖို့ နေရာတစ်ခု ငါတွေ့ထားတယ်။

'ဘယ်မှာလဲ'

'ရေချိုးခန်းထဲမှာ၊ လုံးဝ အသံလုံတယ်။ စိတ်ကြိုက်အော်လို့ရတယ်'


www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့အိမ်မှာ ရေချိုးခန်းမရှိဘူး'

'မရှိရင် ရှိအောင်လုပ်ပေါ့။ ငါဆိုလိုတာက ကိုယ်ပိုင်အိမ်တစ်လုံးရှိအောင်လုပ်၊ ပြီးရင် အဲဒီအိမ်မှာ လုံးဝ အသုံးလုံတဲ့ ရေချိုးခန်းတစ်ခု ဖန်တီး။

အသုံးလုံတဲ့ရေချိုးခန်းပါတဲ့ အိမ်တစ်လုံးကို ပိုင်ဆိုင်အောင်လုပ်၊ ပြီးရင်၊ မင်းတို့ ‥ အော်လို့ ရပြီ'

'ဒါဆို အဲဒီအတွက် ကျွန်တော်တို့က ပိုက်ဆံရှိမှ ဖြစ်မှာပေါ့၊ ပိုက်ဆံရှာရမှာပေါ့၊ ဟုတ်လား'

'ဒါပေါ့၊ ရေချိုးခန်းတစ်ခန်းစီပိုင်ဖို့ အိမ်တစ်လုံးစီ ရှိဖို့ နောက်ဆုံး အသုံးလုံတဲ့အခန်းကြီးတစ်ခန်း ပိုင်ဆိုင်ဖို့ မင်းတို့ ကြိုးစားကြရမှာပေါ့ကွ၊ မဟုတ်ဘူးလား'

အားလုံး လက်ခံကြပါတယ်။ အလုပ်တစ်ခုခုလုပ်ပြီး ငွေရှာရ





တော့မယ်လို့ အဓိပ္ပါယ်သက်ရောက်စေတာကို သူတို့ သိသွားကြပါတယ်။

'ရေချိုးခန်းပါတဲ့ အိမ်တစ်လုံးကို ပိုင်ပြီးရင် သီချင်း အော်မဆိုချင်တော့ရင်တောင် ကိုယ်ပိုင်အိမ်တစ်လုံး တော့ အဖတ်တင်သွားမှာ'

လို့ လူငယ်တစ်ယောက်က တက်တက်ကြွကြွ ပြောပါတယ်။

'ဒါပေါ့၊ ဒါပေါ့' လို့

ကျွန်တော်ထောက်ခံလိုက်ပါတယ်။ ။

2003, May (28)

အတွဲ(၂)၊ အမှတ်(၉၃)၊ နံနက်ခင်းသတင်းဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားဘကွန်း၊ လက်စားချေခြင်းနှင့်
ကျော်ဟိန်း၏လက်ထဲက တူ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ငယ်ငယ်က ဆရာမင်းသိခ်ရေးတဲ့ 'ပုဏ္ဏားဘကွန်း' ဝတ္ထုကို စွဲစွဲမက်မက် ဖတ်ဖြစ်ခဲ့ပါတယ်။ အရမ်းလည်း ကြိုက်ခဲ့ပါတယ်။ ဘာဖြစ်လို့ ကြိုက်ခဲ့ရသလဲဆိုတော့ ကျွန်တော်ကိုယ်တိုင် ဆင်းရဲသား၊ အနှိမ်ခံဘဝ။ ပုဏ္ဏားဘကွန်းကလည်း ဆင်းရဲသား၊ အနှိမ်ခံဘဝ။ ဘဝတူ အချင်းချင်းပါလားဆိုတဲ့စိတ်နဲ့ ခံစားဖတ်ရှုခဲ့မိလို့ ဆိုပါတော့။

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲသား ပုဏ္ဏားဘကွန်းက ၇ နှစ်အတွင်း သူဌေးကြီး ပုဏ္ဏားဘကွန်းဖြစ်သွားတဲ့အခါ အားကျစိတ်တွေ တဖွားဖွားဖြစ်ပေါ်ခဲ့ပါတယ်။ ဒါ့အပြင် သူဌေးကြီး ပုဏ္ဏားဘကွန်းက သူ ဆင်းရဲမွဲတေတုန်းက အနိုင်ကျင့်စော်ကားခဲ့တဲ့သူတွေကို ပြန်ပြီးလက်စားချေတဲ့အခါ အားပါးတရကို သဘောကျဖြစ်ခဲ့ပါတယ်။

ဘယ်လောက်ထိ သဘောကျခဲ့သလဲဆိုရင် 'ငါလည်း ပုဏ္ဏားဘကွန်းလို တိုးတက်ချမ်းသာအောင် လုပ်မယ်။ ချမ်းသာပြီဆိုတာနဲ့ ငါ့ကိုနှိမ်ခဲ့တဲ့လူတွေ၊ စော်ကားခဲ့တဲ့လူတွေကို ပြန်ပြီးလက်စားချေမယ်လို့ နိုင်နိုင်မာမာ ဆုံးဖြတ်ခဲ့ပါတယ်။

ရင်ထဲ အသည်းထဲမှာ (ဒိုင်ယာရီထဲမှာ) အငြိုးအတေးတွေ လက်စားချေရမဲ့စာရင်းတွေ ပြည့်သိပ်နေခဲ့ပါတယ်။

(တကယ်တော့ ပုဏ္ဏားဘကွန်းဝတ္ထုရဲ့အနှစ်သာရဟာ 'လက်စားချေခြင်း'မဟုတ်ပါဘူး။ 'ချမ်းသာမှုအစစ်ကို ရှာဖွေခြင်း' သာ ဖြစ်ပါတယ်)

လူငယ်ဘ၀က ဖတ်ဖြစ်ခဲ့တာဆိုတော့ ပုဏ္ဏားဘကွန်း ချမ်းသာအောင် လုပ်ခဲ့တာတွေ၊ လက်တုံ့ပြန်တာတွေကိုသာ လက်ခံနှစ်ခြိုက်ခဲ့မိတာပါ။

ပုဏ္ဏားဘကွန်းက တကယ့်ချမ်းသာမှုအစစ်ကိုရှာဖွေဖို့ သူ့ရဲ့ လောကီချမ်းသာမှုတွေကို စွန့်ခွာခဲ့ပေမဲ့ ကျွန်တော် (အဲဒါကို) မနှစ်သက်ခဲ့ပါဘူး။

လူငယ်ဆိုတော့ 'ချမ်းသာအောင် မနည်းကြိုးစားထားရတာ။ စွန့်ပစ်ရမှာ နှမြောစရာကြီး' လို့ တွေးဖြစ်ခဲ့ပါတယ်။

အကျဉ်းချုပ်ပြောရရင် ပုဏ္ဏားဘကွန်းဝတ္ထုကိုဖတ်ပြီး ချမ်းသာအောင်လုပ်ဖို့၊ လူတချို့ကို လက်စားချေဖို့အတွက်သာ အတုယူဖြစ်ခဲ့ပါ




www.burmeseclassic.com

www.burmeseclassic.com



တယ်။ (ဆရာကြီးမင်းသိခ်ပေးချင်တဲ့ဝတ္ထုရဲ့ ရည်ရွယ်ချက်အစစ်ကို ပြည့်ပြည့်ဝဝမယူဘဲ ကိုယ်လိုချင်ရာကိုသာ ကောက်သင်းကောက်ပြီး ယူခဲ့မိပါတယ်)

❖ ❖ ❖

၇



ဘဝမှာ တစ်ခုခုကို ရင်ဆိုင်ရပြီဆိုရင် အားချင်းညီတဲ့အခါ ချက်ချင်း လက်တုံ့ပြန်ဖြစ်ခဲ့တယ်။ အားချင်းမမျှ၊ အခြေအနေမပေးတဲ့ အခါ (ရက်တွေ လတွေ နှစ်တွေ ဘယ်လောက်ကြာကြာ) အငြိုးအတေး ထားပြီး တိတိကျကျ အနိုင်ပြန်ယူခဲ့တယ်၊ လက်စားချေခဲ့တယ်၊ သောက်စား



www.burmeseclassic.com

www.burmeseclassic.com



ချေခြင်းဟာ ချိုမြိန်တဲ့အရသာတစ်မျိုးပဲလို့ သတ်မှတ်ပြီး ဘဝကို အကြိုး အတေးတွေနဲ့ ဖြတ်သန်းဖြစ်ခဲ့တယ်။

❖ ❖ ❖



၁၉၉၅–၉၆ ခုနှစ်လောက်တုန်းက ရုပ်ရှင်မင်းသား (ဦး)ကျော်ဟိန်း ဆီကို ရောက်ခဲ့တယ်။ ရုပ်ရှင်ပညာသွားသင်တာ မဟုတ်ပါဘူး။ သူ့ကို ချစ်လို့ သွားတာပါ။ ဦးကျော် ဘာလုပ်လုပ် ကူညီဖို့ သွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လူငယ်ဘဝတုန်းက ကျွန်တော်တို့ကို အလွှမ်းမိုးဆုံး လူဟာ 'ကျော်ဟိန်း' တစ်ယောက်တည်းပါပဲ။ ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံးက (ဦး)ကျော်ဟိန်းကို 'ဂေါ်လီတို့ရဲ့ဖခင်ကြီး' လို့တောင် အမည်ပေးပြီး ချစ်ခင်ခဲ့ကြတာပါ။ အဲဒီသံယောဇဉ်နဲ့ ဦးကျော်ဆီကို သွားဖြစ်ခဲ့ကြတာပါ။

အဲဒီ ၉၅၊ ၉၆ ခုနှစ်ဝန်းကျင်မှာ ဦးကျော်က လူငယ်မျိုးဆက်သစ်တွေနဲ့ ပူးပေါင်းဖို့ သတင်းစာထဲကနေ လူငယ်မျိုးဆက်သစ်တွေကို ခေါ်ယူခဲ့တာပါ။ အကျဉ်းချုပ်ပြောရရင် ကျွန်တော်တို့ ဦးကျော်ရဲ့ရိုက်ကွင်းတွေကို လိုက်ပါခဲ့ကြရပါတယ်။ ရိုက်ကွင်းနားတဲ့အချိန်ခဏတိုင်း ကျွန်တော်တို့ကို စိတ်တွေပြောင်းလဲဖို့ ဆုံးမသွန်သင်ခဲ့ပါတယ်။

သူ့စကားလုံးတိုင်းကို နားလည်တဲ့လူတွေရှိသလို နားမရှင်းတဲ့လူတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်ကတော့ ဦးကျော်ဘာပြောပြော





နားလည်လက်ခံနိုင်ပါတယ်။ (ဒါတောင် ဟိုတလောက ဦးကျော်ကို နားမလည်လို့ စိတ်ဆိုးမိခဲ့သေးတယ်။ အခု စိတ်မဆိုးတော့ဘူး။)

ပြောလက်စ စကားကို ပြန်ကောက်ရရင်. . . ။

ပုဏ္ဏားဘကွန်းဝတ္ထုဖတ်ပြီး ကျွန်တော်ကြိုးစားခဲ့တယ်။ ပုဏ္ဏားဘကွန်းလိုပဲ မကျေနပ်တဲ့လူတွေအပေါ် အကွက်ကျကျ လက်တုံ့ပြန်ခဲ့တယ်။ ပေဖြစ်တဲ့အချိန်မှာ ကြိတ်မှိတ်ခံပြီး တူဖြစ်တဲ့အလှည့်မှာ မညှာမတာ ပြန်ပြီးထုပစ်ခဲ့တယ်။ အဲဒီအကျင့်ဆိုးကြီးက ၁၉၉၅-၉၆ တုန်းက ဗီဒီယိုရိုက်ကွင်းတစ်ခုမှာ ဦးကျော်ပြောခဲ့တဲ့ ဆုံးမစကားတစ်ခွန်းကြောင့် လုံးဝပျက်ပြားသွားခဲ့ရပါပြီ။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့တွေက ဂေါ်လီတွေ၊ ဂေါ်ဆိုတာ အပီကို ဂေါ်နေရတယ်။ ဂေါ်စိတ်အပြည့်ထားရတယ်။ ဂေါ်စိတ်ဆိုတာ ဘာလဲ... သိလား။ 'ပေ'ဖြစ်တဲ့အချိန်မှာ လူးလိမ့်ခံလိုက်။ ကြိတ်မှိတ်ပြီး ခံလိုက်။ ပြီးရင် 'တူ'ဖြစ်အောင် ကြိုးစား၊ တူဖြစ်ပြီဖြစ်ဆိုတာနဲ့ ကိုယ့်ကို ထုခဲ့





တဲ့ကောင်ရဲ့ ခေါင်းပေါ်ကနေ အဲဒီတူကို ကိုင်မြှောက်လိုက်။ ငါ ပြန်ထုလို့ရပြီ... လို့သိလိုက်။ ပြီးတာနဲ့ မထုနဲ့ အဲဒီတူကြီးကို အသာလေး လွှတ်ပစ်လိုက်။ အဲဒါ ဂေါ်လီပဲ။ အဲဒီစိတ်မျိုး အမြဲတမ်း မွေးထား'

ဦးကျော်ရဲ့စကားကို ကြားကြားချင်း ကျွန်တော့်ရင်ထဲမှာ နင့်သွားရပါတယ်။

သူက အားလုံးကို ပြောနေတာပါ။ ဒါပေမဲ့ ကျွန်တော်ကို ရည်ညွှန်းပြီး ပြောနေတယ်လို့ ခံစားရပါတယ်။ အဲဒီ့အချိန် အဲဒီစကားကို ကြားပြီးကတည်းက ကျွန်တော့်လက်ထဲက (လက်စားချေခြင်းဆိုတဲ့) 'တူ' တစ်လက်ကို လွှင့်ပစ်ခဲ့ပါတယ်။

အခုအချိန်အထိပါပဲ။

အားလုံးကို ကျွန်တော် ခွင့်လွှတ်နိုင်ခဲ့ပါတယ်။ အားလုံးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



(၈၀%) လောက် သည်းခံနားလည်ခဲ့ပါတယ်။ (လက်စားချေတဲ့အလုပ်ကို ဘယ်တော့မှ ဘယ်သူ့အပေါ်မှ မလုပ်တော့တာကတော့ သေချာပါတယ်) ကျွန်တော့်လက်ထဲက 'တူ'ကို ကျွန်တော် လွှတ်ချပစ်ခဲ့တာ ကြာပါပြီ။

ချမ်းသာချင်တဲ့လူငယ်တိုင်း ပုဏ္ဏားဘကွန်းဝတ္ထုကို ဖတ်ဖြစ်စေချင်ပါတယ်။ ပြီးရင်လည်း 'တူ'ဖြစ်တဲ့အခါ ပြန်မထုဖြစ်ဖို့ကိုလည်း ကျွန်တော် စကားလက်ဆင့်ကမ်းလိုက်ပါတယ်။

အားလုံးသောလူသားများ ချမ်းသာခြင်းအစစ်၊ ကျန်းမာခြင်းအစစ်၊ ဝမ်းသာခြင်းအစစ်ကို ရှာဖွေတွေ့ရှိပိုင်ဆိုင်ကြပါစေလို့ ကျွန်တော် ဆန္ဒဆုမွန်ခြွေပါတယ်။

2003 Feb 18,

11:30 A.M

အတွဲ(၂)၊ အမှတ် (၈၅)၊ နံနက်ခင်းသတင်းဂျာနယ်

စမ်းရေပြာစာပေ

# အမွှေမက်သူများ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'အမွေ'။ ။ မိဘ၊ ဘိုးဘွား စသည့်ထံမှ ဆက်ခံရရှိသော ပစ္စည်းဥစ္စာ...' ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်တွင် 'အမွေ'နှင့် ပတ်သက်သော ကိစ္စ ဝိစ္စ၊ ပဋိပက္ခတို့ကို မကြာခဏ ကြားရ ကြုံရတတ်ပါတယ်။

**အမွေစား အမွေခံ၊ အမွေဆိုင်၊ အမွေပြတ်၊ အမွေအနှစ်၊ အမွေလု၊ အမွေခွဲ၊ မိမွေ၊ ဘမွေ** စသည်ဖြင့်သော ဝေါဟာရတို့ကိုလည်း နားယဉ်လျက်ရှိပါသည်။

မိဘမရှိတော့သဖြင့် ကျန်ရစ်ခဲ့သော တိုက်တာ အဆောက်အဦ ပစ္စည်း ပစ္စယတို့ကို သားသမီးမြေးမြစ်တို့က ခွဲဝေယူကြသည်လည်းရှိ၏။

အဝေမတည့်သဖြင့် တရားရုံးသို့ ရောက်သွားကြသည်များလည်း ရှိ၏။

တချို့ဆိုလျှင်...

မိဘသက်ရှိထင်ရှား ရှိနေပါသေးလျက် (မိဘမသေခင် ခွဲဝေပေးခဲ့သည့် အတိုင်းအတာကိုပင်လျှင်) မကျေမနပ်နှင့် ဘယ်ရွေ့ ဘယ်မျှ





ပေးမှ ကျေနပ်နိုင်မည်ဟု မိဘအပေါ် ပြန်လည်တောင်းဆိုသည်များကို လည်း နားရှက်စဖွယ် ကြားသိနေရသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်...

'အမွေ' ဟူသော ဝေါဟာရအပေါ် ကျွန်တော် ဆန်းစစ်ချင်လာသည်။ 'အမွေ' ဆိုတာ...





အသားတုံးတစ်တုံးကို တိရစ္ဆာန်တွေ ဝိုင်းအုံ၊ လုယက် စားသောက်ကြသလို အလုအယက် ခွဲဝေယူရသည့်အရာလား။

ဒါမှမဟုတ်...

မပျောက်မပျက်အောင် ဆက်လက်ထိန်းသိမ်းထားရမည့် အရာလား။ (မကွဲပြားချင်တော့ပေ)။

သိန်းတစ်ထောင်တန်သည့် အဆောက်အဦတစ်ခုကို သားသမီးငါးယောက်က တစ်ယောက်လျှင် သိန်းနှစ်ရာစီ ခွဲဝေယူသင့်သလား။

သို့တည်းမဟုတ်...။

ထိုသိန်းတစ်ထောင်တန် အဆောက်အဦကိုပင် သားစဉ်မြေးဆက် မပျောက်မပျက်အောင် (ခွဲဝေယူခြင်းမပြုဘဲ) ဆက်လက်ထိန်းသိမ်းထားသင့်သလား ဆိုသည်ကိုပင် ကျွန်တော့်မှာ ရဲရဲရင့်ရင့် ကွဲကွဲပြားပြား မတွေးမှတ်ဝံ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော်...

လူတော်တော်များများသည် အမွေလုနေကြသောကြောင့်ဖြစ်၏

✻✻✻



မည်သို့ပင်ဖြစ်စေ...

မိမွေ ဘမွေဆိုသည်ကတော့ လက်ခံ ထွေးပိုက် ထိန်းသိမ်းထား

အပ်သောအရာဟု ကျွန်တော် ပြောဝံ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လွန်ခဲ့သောတစ်နှစ်ခန့်က...

ကျွန်တော့်အဖေနှင့် ကျွန်တော့်အမေထံမှ ကျွန်တော် အမွေ တောင်းခံခဲ့ပါသည်။

(အဖေနှင့်အမေ မသေဆုံးသေးဘဲနှင့် ကျွန်တော် အမွေရပြီး ဖြစ်ပါသည်။)

အဖေ့ထံမှ ရွှေအိုးတစ်လုံး တောင်းခံရရှိပါသည်။

အမေ့ထံမှ ငွေအိုးတစ်လုံး တောင်းခံရရှိပါသည်။

(ထိုရွှေအိုး၊ ငွေအိုးတို့မှာ ဘုရားစောင်းတန်းမှ ဝယ်ယူထားသော ရွှေရည်သုတ်(မြေ)အိုးနှင့် ငွေရည်သုတ်(မြေ)အိုးတို့ ဖြစ်သည်)

ထိုရွှေအိုးနှင့်ငွေအိုးတို့အထဲတွင် ရေနှင့်သပြေခက်တို့ကိုထည့်ပြီး ဘုရားကျောင်းဆောင်နံဘေးတွင် ကျွန်တော်တင်ထားပါသည်။ ရွှေအိုးသည် အဖေ့အမွေ၊ ငွေအိုးသည် အမေ့အမွေဟု သဘောထားပြီး အဖေ





နှင့်အမေကို ရည်စူးလျက် ညစဉ်ရှိခိုးဖြစ်ပါသည်။

အမွေလုနေသူတွေ ဘယ်လိုခံစားကြရသလဲ ကျွန်တော်မသိပါ။

ကျွန်တော့်တစ်ယောက်တည်းအတွက်မူ ဖခင်ထံမှ တောင်းယူခဲ့သော ရွှေရည်သုတ်မြေအိုးလေးနှင့် မိခင်ထံမှ တောင်းယူခဲ့သော ငွေရည်သုတ်မြေအိုးလေးတို့ကို မကွဲမရှအောင် ထိန်းသိမ်းရသည်မှာ အလွန်ခက်ခဲလှပါသည်။

အဖေနှင့်အမေ သက်ရှိထင်ရှားရှိနေစဉ် ထိုအိုးလေးတွေ ကျကွဲသွားပါက နောက်ထပ်ဝယ်ခိုင်း၍ ရနိုင်သော်လည်း သက်ရှိထင်ရှား မရှိတော့သည့်အခါ ကွဲကြေသွားပါက မည်သို့မျှ အစားမရနိုင်ပါ။

အမွေလုနေကြသူများအနေဖြင့် တိုက်တာ အဆောက်အဦ ရွှေငွေ ကျောက်သံပတ္တမြားတို့ကို မကွဲမရှ မပျောက်မပျက်အောင် မည်သို့ ထိန်းသိမ်းကြမည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာတော့...

အဖေနှင့်အမေထံမှ တကူးတကနှင့်တောင်းခံထားခဲ့ရသော (အမွေပစ္စည်း) ရွှေအိုးနှင့်ငွေအိုးလေးကို မကွဲမရှအောင် ဖွဖွရွရွ ထိန်းသိမ်းနေရပါသည်။

❋❋❋





အမွေလုနေကြသူများခင်ဗျား။

အမွေဆိုတာ...

ခွဲဝေလုယက်ကြရမည့်အရာလား။ ထိန်းသိမ်းစောင့်ရှောက်ကြရမည့်အရာလား။



www.burmeseclassic.com

www.burmeseclassic.com



ကွဲကွဲပြားပြား စဉ်းစားစေချင်ပါသည်။

ကျွန်တော်လည်း...

ကွဲကွဲပြားပြား သိချင်ပါသေးသည်။ ။


အတွဲ(၃)၊ အမှတ်(၉)၊ နံနက်ခင်းသတင်းဂျာနယ်



# ဒေါက်တာနတ်အိုးကွဲ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အသက်သုံးဆယ့်တစ်နှစ် ပြည့်တော့မယ်။ ကိုယ့်ကိုယ်ကို လူငယ်တစ်ယောက်အဖြစ် သဘောထားပြီး ဒီစာတွေကို ရေးပါတယ်။

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဝခရီးသွားဖော်အချင်းချင်း အပျင်းပြေစကားပြောတာကို နား ထောင်နေရတယ်လို့ပဲ သဘောထားကြပါ။ ကျွန်တော်ပြောတဲ့ စကား တစ်ခွန်း။ ကျွန်တော်ရေးတဲ့ ဝါကျတစ်ကြောင်းကြောင့် လူ့လောကကြီး တစ်ခုလုံး ဖွံ့ဖြိုးပြီး ပြောင်းလဲသွားမှာမဟုတ်ပေမဲ့ တစ်ဦးတစ်ယောက် တစ်ခုခု သိမြင်ရရှိသွားမယ်ဆိုရင်ပဲ ကျွန်တော် ကြည်နူးပါတယ်။

ဒေါက်တာနတ်အိုးကွဲဆိုတဲ့ ဆရာဝန်တစ်ယောက်အကြောင်းကို ပြောပြချင်ပါတယ်။ ဒေါက်တာနတ်အိုးကွဲဆိုတာ တခြားသူမဟုတ်ပါဘူး။ ကျွန်တော့်အမေရဲ့မောင်၊ ကျွန်တော့်ဦးလေး 'ဒေါက်တာ တင့်ရွှန်း' ဖြစ် ပါတယ်။ ဒေါက်တာနတ်အိုးကွဲလို့ ကျွန်တော်က ကျွန်တော့်ဦးလေးကို ဂုဏ်ပြုပြီး ခေါ်ဝေါ်လိုက်တာပါ။

ကျွန်တော့်အဘိုးဘွား၊ အဖေအမေတွေက မြန်မာပြည်အထက်ပိုင်း က အညာသူ အညာသား လူဆင်းရဲတွေပါ။





လက်လုပ်လက်စား ဆင်းရဲသားမိသားစုထဲက ဆရာဝန် တစ်ယောက် ထွန်းပေါက်လာတာ အင်မတန်အားကျဖို့ကောင်းတယ်။ အင်မတန် အံ့ဩစရာကောင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဘိုး အဘွားတွေက ကျောင်းပညာမတတ်ကြပါဘူး။

အထူးသဖြင့် ကျွန်တော့် အဘွားဆိုရင် စာလုံးဝ မဖတ်တတ်ပါဘူး။ သားသမီးတွေကို ကျောင်းထား ရမယ်ဆိုတဲ့ အသိတောင် မရှိခဲ့ပါဘူး။ အစ်မအကြီးဆုံးဖြစ်တဲ့ ကျွန်တော့် အမေက သူ့မောင်တွေ ညီမတွေကိုသာ သူ့ဘာသာကျောင်းအပ်ခဲ့ရတာပါ။

စေတုတ္တတန်းမှာ ပညာသင်ကြားနေချိန်အထိ ဒေါက်တာတင့်ရွှန်း ဖြစ်လာမဲ့ မောင်တင့်ရွှန်းလေးဟာ သူ့ကိုသူ ဆရာဝန်ဖြစ်လိမ့်မယ်လို့ လည်း မတွေးမိသေးပါဘူး။

ဆရာဝန်လုပ်ဖို့ ရည်ရွယ်ချက်လည်း မရှိသေးပါဘူး။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဖြစ်လာစေတဲ့အကြောင်းကတော့ သူ့ဘဝမှာ ဘယ်လိုမှ မေ့မရတဲ့အဖြစ်အပျက်တစ်ခုကြောင့်ပါပဲတဲ့။ သိပ်ကို စိတ်ဝင်စားဖို့ ကောင်းတဲ့ အဖြစ်အပျက်လေးပဲ ဆိုပါတော့။

စတုတ္ထတန်းတက်ရောက်ခါစ ကျောင်းပိတ်ရက်တွေမှာ မောင်တင့်ရွှန်းလေးဟာ မုန့်ဖိုးပဲဖိုးရဖို့ ဦးလေးဝမ်းကွဲတစ်ယောက်ရဲ့အသုတ်ဆိုင်မှာ ပန်းကန်ကူဆေးတဲ့အလုပ်ကို လုပ်ခဲ့ရပါတယ်။

တစ်နေ့မှာ ပန်းကန်ဆေးရင်းနဲ့ ပန်းကန်တစ်ချပ် လွတ်ကျသွားပါတယ်။ ပန်းကန်မကွဲပါဘူး။

ဒါပေမဲ့ ဦးလေးဝမ်းကွဲတော်စပ်သူ ဆိုင်ပိုင်ရှင်က

"အသုံးမကျတဲ့ကောင်၊ နမော်နမဲ့နဲ့၊ မင်းတို့ညီအစ်ကိုတွေက ဘာမှသုံးလို့ရမဲ့ကောင်တွေ မဟုတ်ဘူး။ အလကားကောင်တွေ၊ နတ်အိုးကွဲတွေ"





လို့ ပြောဆိုကျိန်းမောင်းပါသတဲ့။

ပန်းကန်လွတ်ကျလို့ ဆူပူကြိမ်းမောင်းတယ်လို့ပဲ မောင်တင့်ရွှန်းလေး သိခဲ့ပါတယ်။ ဒါပေမဲ့ သူ မသိတာက 'နတ်အိုးကွဲ' ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပါယ်ပဲ။

အိမ်ပြန်ရောက်တော့ 'နတ်အိုးကွဲ' ဆိုတာ ဘာလဲလို့ အစ်ကိုတွေ၊ အစ်မတွေကို မေးတဲ့အခါ အစ်ကိုနဲ့အစ်မက မဖြေနိုင်ကြဘူး။ ဈေးရောင်းပြန်လာတဲ့ အဖေဖြစ်သူကို မေးတော့မှ

"နတ်အိုးကွဲဆိုတာ ဘယ်နေရာမှ အသုံးပြုလို့ မရတော့ဘူးလို့ ပြောတာပေါ့ သားရဲ့၊ နတ်စင်ပေါ်တင်ထားတဲ့ နတ်အိုးက ကွဲသွားတော့ နတ်စင်ပေါ်မှာ ဆက်ထားလို့လည်း မကောင်း၊ တခြားဆေးတဲ့ ကြောတဲ့ နေရာမှာ ထားဖို့ကလည်း မသင့်တော့ ညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



အောက် သွားပြီးလွှင့်ပစ်ရတာပေါ့''

လို့ ရှင်းပြတယ်လေ။

''လူတစ်ယောက်ကို နတ်အိုးကွဲလို့ပြောတာဟာ အဲဒီလူဟာ ဘယ်နေရာမှာမှ အသုံးမကျဘူး။ အသုံးမဝင်ဘူးလို့ ပြောတာပေါ့နော်''

လို့ မောင်တင့်ရွှန်းလေးက ဖအေကို ပြန်မေးသတဲ့။ အဖေက

''အင်းပေါ့''

လို့ ဖြေသတဲ့။ အဲဒီနေ့မှာ မောင်တင့်ရွှန်းက ''နတ်အိုးကွဲ'' ဆိုတဲ့ ဝေါဟာရကို ပါးစပ်က အကြိမ်ကြိမ်ရွတ်ပြီး အိပ်ရာဝင်ခဲ့တယ်။

နောက်နေ့ ကျောင်းပိတ်ရက်တွေမှာ ပန်းကန်ကူဆေးတဲ့အလုပ်ကို သူ မလုပ်တော့ဘူး။ အိမ်အနီးမှာရှိတဲ့ ဘုန်းကြီးကျောင်းပေါ်သွားပြီး စာကျက်နေတော့တယ်။ ဦးလေးဝမ်းကွဲဖြစ်သူက ပန်းကန်ဆေးဖို့ လာခေါ်





တဲ့အခါ

''တင့်ရွှန်း စာကျက်နေတယ်၊ နတ်အိုးကွဲ မဖြစ်အောင် စာကျက်နေတယ်''

လို့ မျက်ရည်တွေဝဲပြီး ပြန်ပြောခဲ့သတဲ့လေ။

အဲဒီအချိန်၊ အဲဒီအခါကစပြီး မောင်တင့်ရွှန်းက စတုတ္ထတန်းကနေ ကျောင်းသားဘဝတစ်လျှောက်လုံး ဂုဏ်ထူးမပါတဲ့နှစ်ဆိုတာ မရှိခဲ့ဘူး။

သူ့အရှိန်အဝါကြောင့် ညီမဖြစ်သူကပါ စာမတော်ဘဲ နေလို့မရတော့ဘူးပေါ့။

အဲဒီအကြောင်းကို ကျွန်တော့်ဦးလေး ဒေါက်တာတင့်ရွှန်းက ကျွန်တော့်ကို ပြောပြခဲ့တယ်။ အဲဒီလိုပြောပြတာဟာ ကျွန်တော့်ကို စိတ်ဓာတ်အင်အားတွေ လက်ဆင့်ကမ်းတာပဲလို့ ကျွန်တော် လေးစားပါ



www.burmeseclassic.com

www.burmeseclassic.com

နက်နက် ယူဆခဲ့တယ်။

"နတ်အိုးကွဲဖြစ်ရမှာကြောက်လို့ ဦးရွှန်း အရမ်း ကြိုးစားခဲ့တာ"

လို့ ပြောပြီး စိတ်နာကျင်မှုကို အင်အားအဖြစ် အသုံးပြုဖို့ ကျွန်တော့်ကို ဆုံးမသွန်သင်ခဲ့တယ်လေ။

အခုအချိန်မှာ တစ်ချိန်က 'နတ်အိုးကွဲ' လို့ အခေါ်ခံရတဲ့ ကျွန်တော့်ဦးလေး ဒေါက်တာတင့်ရွှန်းဟာ နယ်မြို့တစ်မြို့မှာ မြို့နယ် ဆရာဝန်အဖြစ် အမှုထမ်းနေပါတယ်။

ကျွန်တော့်ဦးလေးနေရာမှာ ကျွန်တော်သာဆိုရင် အိမ်ရှေ့က သစ်သားပြားလေးပေါ်မှာ "ဒေါက်တာတင့်ရွှန်း" လို့ ရေးမဲ့အစား "ဒေါက်တာနတ်အိုးကွဲ" လို့ ရေးထားမိမလား မသိဘူး။

ကျွန်တော့်ဦးလေး နတ်အိုးကွဲ မဖြစ်ခဲ့ပါ။





ကျွန်တော်အပါအဝင် ဒီနေ့ရှင်သန်လျက်ရှိနေကြတဲ့ လူငယ် လူရွယ်တွေအားလုံး လူ့လောကရဲ့ "နတ်အိုးကွဲ" များ မဖြစ်ကြရအောင် အထူးကြိုးစားရပါလိမ့်မယ်။ ကျွန်တော်လည်း ကြိုးစားနေပါတယ်။ ။

အတွဲ (၁)၊ အမှတ် (၂၈)၊ သတင်းစုံ


www.burmeseclassic.com

www.burmeseclassic.com

နှစ်ဖက်မြင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘတ်(စ်)ကားသည် ကျပ်ညပ်လျက်ရှိ၏။ ခရီးသည်တိုင်းသည် တိုးရင်း ဖော့ရင်း ရုန်းရင်းကန်ရင်းဖြင့် ချွေးတလုံးလုံး။

❋❋❋

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသက်ငါးဆယ်ကျော်အရွယ်၊ ယောက်ျားကြီးတစ်ယောက်သည် နှုတ်ခမ်းမွှေးစတွေကို အင်္ကျီ(တိုက်ပုံ)၊ လက်မောင်းစဖြင့် တို့၏။ ထို့နောက် 'တူရှိ အသက်ဆယ့်ရှစ်နှစ်အရွယ် ကျောင်းသူလေးတစ်ဦးနှင့် အကြည့် ဆုံသစည်။

ကျောင်းသူလေးကို ငေးကြည့်ရင်း ထိုလူကြီးသည် အောက်ပါ အတိုင်း တွေး၏။ ရင်ထဲတွင် တနင့်နင့်. . . ။

"ငါ့သမီးလေးသာရှိရင် ဒီကလေးမလေးမအရွယ်

လောက်တော့ ရှိရှာမယ်။ သမီးလေးက ချစ်စရာလေး

ပါလား။ ငါ့သမီးလေးသာ ဖြစ်လိုက်ပါတော့။ အို. .

ငါ့သမီးလေးက ဆုံးပြီးပြီပဲလေ. . ။ ဒီကလေးမလေးကို

မြင်လိုက်တော့ သမီးလေးကို သိပ်သတိရတာပဲကွယ်"

ကျောင်းသူလေးက ထိုလူကြီးကြည့်နေသည်ကို သတိထားမိသည်





သတိထားမိသဖြင့်လည်း စိတ်အတွင်းမှလည်း အောက်ပါအတိုင်း တွေး၏။

ရင်ထဲတွင် တထိတ်ထိတ်. . . ။

"ဒီလူကြီး ကြည့်ရတာ ကြောက်စရာကြီး၊ အမေ

က ပြောထားတယ်။ ယောက်ျားတွေက ကြီးကြီးငယ်ငယ်

ယုံရတာ မဟုတ်ဘူးတဲ့၊ အထူးသဖြင့် ဘတ်(စ်)ကား

စီးရင်. . "

ဘတ်(စ်)ကားသည် ကျပ်ညပ်လျက်ရှိ၏။

ခရီးသည်တိုင်းသည် တိုးရင်း ဝှေ့ရင်း၊ ရုန်းရင်း ကန်ရင်းဖြင့် ချွေးတလုံးလုံး။ ။

20.6.91 (6:33 PM)

1992 June

သပြေပြေထားမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးအရှိဆုံး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့ တရားပျက်ပျက်

ကိုယ်မပျက်ပါနှင့်။

ဘယ်သူ့ စည်းကမ်းပျက်ပျက်

ကိုယ် မပျက်ပါနှင့်။

လူ၏တန်ဖိုးကို စည်းကမ်းက

ဆုံးဖြတ်သည်။

စည်းကမ်းရှိမှ၊ လူ့တန်ဖိုးရှိမည်။

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ကျုပ်တို့ငယ်ဆရာ ဆရာကြီး ဦးစံရွှေရဲ့ကျောင်းမှာ နေခဲ့စဉ်က၊ နေ့တိုင်း ရွတ်နေကျ ဆောင်ပုဒ်။

အဲဒီဆောင်ပုဒ်ကို စာရွက်ကြီးကြီးမှာ လက်ရေးကြီးကြီးနှင့် ရေးပြီး အိမ်နံရံမှာ ကပ်ထားတာကြာပြီလေ။ အမေတောင်မှ အလွတ်ရနေပြီ။

❉





အိပ်ရာနိုးခါစ ဒေါသဖြစ်စရာနဲ့ကြုံပြီ။ ကြည့်ပါဦး။ ခွေးသေကောင်ကြီးကို ကျုပ်အိမ်ရှေ့တည့်တည့် လာပစ်ထားတယ်။ မိုက်ရိုင်းလိုက်တာ။ ုတ်မာလိုက်တာ။

ပစ်စရာနေရာ ရှားသလား။

အမေက 'ကိုယ့်အိမ်ရှေ့မှာတွေ့တော့ ကိုယ့်တာဝန်ပဲပေါ့' တဲ့။ က်တယ်။ လူတော်တော်များများက ကိုယ်နဲ့လွတ်ရင်ပြီးရောဆိုတဲ့ တ်ဓာတ်မျိုး ဘာဖြစ်လို့မွေးနေကြတာလဲ။

အခုကြည့်။

ဒီခွေးသေကောင်ကြီးကို ကျုပ် ဘယ်လိုလုပ်လွှင့်ပစ်ရမလဲ။ မိုက်ပုံက အဝေးကြီး။ အဲဒီအမှိုက်ပုံကို ရောက်အောင်သွားနေရင် နေ့အဖို့ ရုံးနောက်ကျမှာ ကျိန်းသေတယ်။ မနက်ရှစ်နာရီထိုးနေပြီ။ ခုထိ ရေမချိုးရသေးဘူး။ ရုံးနောက်ကျရင် ဆရာက ဘာဆူသလဲ



www.burmeseclassic.com

www.burmeseclassic.com



မမေးနဲ့။ ဆူမှာပေါ့။ 'အချိန်နာရီကို မလေးစားတဲ့လူတွေဟာ စည်းကမ်းမဲ့တဲ့ လူတွေ' တဲ့။

ဘာပဲဖြစ်ဖြစ်၊ ဒီခွေးသေကောင်ကြီးကိုပစ်ဖို့ အိမ်မှာ ကျုပ်ပဲရှိတာ။ စိတ်မပါ၊ လက်မပါနဲ့ ကြိုးချည်ပြီး တရွတ်ဆွဲခဲ့ရတယ်။ အမှိုက်ပုံအထိ မသွားချင်တော့ဘူး။ ရုံးနောက်ကျလိမ့်မယ်။ လမ်းထိပ်က ရေမြောင်းထဲပဲ ပစ်ချလိုက်တော့မယ်။ အဲဒီမြောင်းက အတော်ကျယ်တာ။

✤

စိတ်ညစ်တယ်။ မြောင်းကူးတံတားထိပ်မှာ ရပ်ကွက်လူကြီး ဦးသံချောင်း ထိုင်နေလေရဲ့။ အဲဒီမြောင်းထဲကို အမှိုက်တောင် ပစ်ခွင့်မရှိတာ။ ဒီခွေးသေကောင်ကြီးသာ ပစ်လိုက်မိရင် ကျုပ်တော့ ပြဿနာပဲ။





တောက်. . . ဘယ်သူကများ ကျုပ်အိမ်ရှေ့မှာ လာပစ်သွားသလဲ မသိဘူး။

စိတ်ညစ်ညစ်နဲ့ အမှိုက်ပုံရှိရာဘက်ကို ထွက်ခဲ့ရတော့တယ်။ ရုံးတော့ နောက်ကျပါပြီ။

"မနေ့ညနေက ကျွန်မတို့အိမ်ရှေ့မှာ လာပစ်ထားတဲ့ ခွေးသေကောင်ကြီးကို ရှင် ညက ဘယ်မှာသွားပစ်ခဲ့သလဲ ကိုမြကြိုင်"

"ညက မြောင်းဘက်သွားပစ်တာ လူမလစ်တာနဲ့ မြောင်းဟိုဘက်က မောင်မြင့်ကောင်းတို့အိမ်ရှေ့မှာ ပစ်ထားခဲ့တယ်။ သူတို့အိမ်ရှေ့မှာ မီးမှောင်နေတာကိုး"

မြင့်ကောင်းဆိုတာ ကျုပ်နာမည်။ ကျုပ်အိမ်ရှေ့ကို ခွေးအသေကြီး လာပစ်ထားတာ လက်စသတ်တော့ ကိုမြကြိုင်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားပြောနေကြတဲ့ စကားသံကြောင့် သူတို့အိမ်ရှေ့မှာ ကျူပ်ခြေလှမ်းတွေ ရပ်ပစ်လိုက်တယ်။ ပြီးတော့ ခွေးသေကောင်ကြီးကို ထားပစ်ခဲ့တယ်။ သူပစ်ထားခဲ့တဲ့ ခွေးသေကောင် သူ့အိမ်ရှေ့ကို ပြန်ရောက်နေတာကြည့်ပြီး ကိုမြကြိုင် သိပ်အံ့ဩသွားမှာပဲ။

❖❖❖



ရေချိုး ထမင်းစားရင်း အမေ့ကို အဲဒီအကြောင်းပြောပြတော့ အမေက

''ဘယ်သူစည်းကမ်းဖျက်ဖျက် ကိုယ်မဖျက်ပါနဲ့ဆို၊ အခုတော့ မြကြိုင် စည်းကမ်းဖျက်တာနဲ့ သားကပါ စည်းကမ်းလိုက်ဖျက်လိုက်ပြီကော။ ကိုယ့်အိမ်ရှေ့ကို သူလာပစ်တိုင်း သူ့အိမ်ရှေ့ကို ကိုယ်ပြန်ပစ်ရမလား။



www.burmeseclassic.com

www.burmeseclassic.com



သွားရယ်. . နင့်ဆောင်ပုဒ်က အိမ်မှာ အလုကပ်ထား

ရုံဆိုရင်လည်း ခွာပစ်လိုက်ပါတော့"

"ဗျာ"

ကျုပ် မျက်လုံးပြူးသွားတယ်။ တုန်လှုပ်သွားတယ်။ အမေ့စကား

များတွေကို နားခံရင်း ဆရာကြီး ဦးစံရွှေရဲ့မျက်နှာကို မြင်ယောင်တယ်။

ထမင်းစားနေတဲ့လက်ကို ကမန်းကတန်းဆေးကြောပြီး အိမ်အပြင်ကို

ပြေးထွက်လာမိတယ်။ အမေ့ရှေ့မှာ ကျုပ် ရှက်လိုက်တာဗျာ။

❖

ကိုမြကြိုင်အိမ်ရှေ့မှာ ခွေးသေကောင်ကြီး မရှိတော့ဘူး။ တခြား

အိမ်တစ်အိမ်ရဲ့ရှေ့မှာ ရောက်နေတယ်။ ကျုပ် အပြေးသွားပြီး ခွေးရဲ့





ခြေထောက်က ကြိုးစကို အားမာန်ပါပါနဲ့ ဆွဲမလိုက်တယ်။ မြို့တော်

စည်ပင်သာယာရေးက သတ်မှတ်ပေးထားတဲ့ အမှိုက်ပုံရှိရာကို ကျုပ်

ခြေဦးလှည့်ခဲ့တယ်။ ဘယ်လောက်ပဲဝေးဝေး၊ ဝေးချင်သလောက် ဝေးပေ့

စေလေ။

ရုံးကိုရောက်လို့ ဆရာက 'ဘာဖြစ်လို့ ရုံးနောက်ကျသလဲ' လို့

မေးရင် 'စည်းကမ်းရှိတဲ့ တာဝန်တစ်ခုကို ထမ်းဆောင်နေလို့ပါ' လို့

ကျုပ် ပြန်ဖြေလိုက်မယ်။ ချက်ချင်းတော့ ဆရာ နားလည်လိမ့်မယ်

မထင်ဘူးနော်။

အိမ်နံရံက ဆောင်ပုဒ်ကလေးကို အခုမှ ပိုပြီး ထင်ထင်ရှားရှား

မြင်ယောင်လာတယ်။ နှုတ်ကတောင် ရေရွတ်လိုက်မိတယ်။

"ဘယ်သူတရားပျက်ပျက်

ကိုယ်မပျက်ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့စည်းကမ်းပျက်ပျက်

ကိုယ်မပျက်ပါနှင့်။

လူ၏တန်ဖိုးကို

စည်းကမ်းက ဆုံးဖြတ်သည်။

စည်းကမ်းရှိမှ လူ့တန်ဖိုးရှိမည်''...။

(ကွယ်လွန်သူဆရာကြီး ဦးစံရွှေအား ရှိခိုးလျက်)

၁၉၉၁ ဇူလိုင်လ

မြို့တော်ရန်ကုန်မဂ္ဂဇင်း



# အရိပ်တကြည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၃။

၂၀၀၅ ဖေဖော်ဝါရီလ (၁) ရက်က ကျွန်တော် အသက် (၃၈)နှစ် ပြည့်ခဲ့ပါပြီ။ စိတ်မြန်လက်မြန် စရိုက်၊ ယခုအရွယ်အထိ သိပ်မပျောက်ချင်သေးပါ။ (နည်းနည်းပါးပါး ကျန်နေပါသေးသည်။) စိတ်အလိုမကျသည်တို့ကို မြင်ရကြားရသည့်အခါတိုင်း ပေါ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလို တုတ်ဆွဲခါးဆွဲ မလုပ်ဖြစ်တော့သော်လည်း "ငယ်ငယ်က စိတ်နဲ့သာဆိုရင်တော့ကွာ" ဟု အံသွားချင်းကြိတ်ပြီး "စိတ်" ထဲက ကြိမ်းဝါးသံသည် စကြာဝဠာတစ်ခွင်လုံး မြည်ဟိန်းသွားနိုင်လောက်ပေ၏။

လူဆိုးလူမိုက်ကြီးလုံးလုံး မဖြစ်ခဲ့သော်လည်း မိဘစကားကို မြေဝယ်မကျ နားမထောင်ခဲ့သူ၊ စကားပြောလျှင် ဂျစ်ကန်ကန်ပြောတတ်သူ၊ ထစ်ခနဲဆို လက်သီးချင်းယှဉ်ထိုးဖို့ (ကိုယ်ခံလိုက်ရလျှင်လည်း တစ်နေ့နေ့မှာ ပြန်ချဖို့) လက်စားချေဖို့ ပြီးတော့ တစ်ခြားစရိုက်ဆိုးတွေဖြင့် ရှင်သန်ခဲ့သူ ဖြစ်သည်။

ရန်ဖြစ်ပြီး ပြန်လာရင်ပဲဖြစ်ဖြစ်၊ ညဥ့်နက်မိုးချုပ်မှပြန်လာရင်ပဲ ဖြစ်ဖြစ်၊ အဖေ (သို့မဟုတ်) အမေက တပျစ်တောက်တောက် ပြောဆိုဆုံးမသြဝါဒ ခြွေနေတတ်လေ၏။ (စိတ်ညစ်စရာ စကားသံများ၊ နားညီး





စရာ ဆူညံသံများဟုသာ ထိုစဥ်က တွေးမှတ်ခဲ့မိသည်။)

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

၂။

နွယ်ပင်၊ ပန်းပင်ငယ်လေးများကို အိမ်၏ မြေကွက်လပ်သေးသေး လေးထဲတွင် စိုက်ပျိုးထားခဲ့သည်။ ဝါသနာပါတာလား။ သိချင်လို့ လုပ် ကြည့်တာလားတော့ ကျွန်တော် မသဲကွဲ၊ (အသက်ဆယ့်လေးနှစ်လောက် တော့ ရှိနေပေပြီ။) ဘူးသီးစေ့လေးများကို ရေစိမ်ပြီး မြေခွေးများထဲ တွင် ထည့်စိုက်ဖူးသည်။ တစ်ခါမျှ မဖြစ်မြောက်ပါ။





အမည်မသိ အခြားနွယ်ပင်လေးတွေကိုလည်း စိုက်ပျိုးခဲ့သေး သည်။ အိမ်ဝင်းထရံပေါ်သို့ လှလှပပ တွန့်တွန့်ကွေးကွေးလေးတွေ နွယ်ခွေရစ်ပတ်သည်အထိတော့ ပြုစုနိုင်ခဲ့၏။

ကြက်ဟင်းခါးပင်လည်း စိုက်ခဲ့သေးသည်။ အသီးသီးသောအခါ ချေးရက်။

အပင်တွင်သီးနေသည့်အတိုင်း ဝင်းဝါပြုတ်ကျသွားသည်အထိ သည်အတိုင်း ထားဖြစ်သည်။ (သီးကင်းလေး တွေ့ရစဉ်ကပင်လျှင် ကျွန်တော် ဝေါ်တော်ပျော်ပါသည်။)

ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်း၊ နှင်းဆီပန်းလေးတွေကိုလည်း တောက်တခေါက် အသိဉာဏ်ဖြင့် စိုက်သည်။ ပန်းပင်တစ်ပင်ပင်တွင် အဖူးအပွင့်တွေ ဖူးပွင့်နေသည်ကို တွေ့ရှိဖြင့် ကျွန်တော့်မှာ အပျော်ကြီး ပျော်ပြီး "ဖူးနေပြီ၊ ပွင့်နေပြီ" ဟု ကြွားဝါတတ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနွယ်ပင်၊ ပန်းပင်လေးများကို ကြောင်တိုးလျှင် ကြောင်သည် ကျွန်တော့်ရန်သူ။

ခွေးတိုးလျှင် ခွေးသည် ကျွန်တော့်ရန်သူ။ ကြက်ဆိတ်လျှင် ထိုကြက်သည် (မည်သူ့ကြက်ဖြစ်ဖြစ်) ကျွန်တော့်ဟင်းစား။

နွယ်ပင်လေးတစ်နွယ်၏ တစ်နေ့တစ်နေ့ ထွက်ပြူလာတတ်သော ရွက်နုအညွန့်လေးကိုလည်းကောင်း၊ ပန်းပင်လေးတစ်ပင်၏ အဖူးအငုံ လေးများကိုလည်းကောင်း၊ မနက်တိုင်း ရေလောင်းရင်း ကျွန်တော် ငေးကြည့်နေတတ်သည်။ (တစ်ခါတစ်ရံ ပန်းတစ်ပွင့် ပွင့်လာမည်ကို လည်းကောင်း၊ ရွက်နုတစ်ရွက် ထွက်ပြူလာမည်ကိုလည်းကောင်း၊ ဥ လုံးပေါက် ထိုင်ကြည့်ဖူးသေး၏။)

ပွင့်သောပန်းကိုလည်း သူ့အတိုင်း အပင်တွင် နွမ်းသွားသည်အထိ ကျွန်တော်ထားသည်။ တောင်းလျှင်မပေး။ ဝယ်လျှင်မရောင်း။ မထိရ





မတို့ရက်၊ မခူးရက်၊ မဆွတ်ရက်၊ (ထိုအပွင့်၊ ထိုအသီးတို့ကို ယင်းတို့၏ အပင်ညှာတွင် ထာဝရတည်ရှိနေအောင် ဘာလုပ်ရင်ကောင်းမလဲဟုပင် လိုက်လံမေးမြန်း ကြိုးပမ်းခဲ့ဖူးသည်။)

အပွင့်လည်း ကြာကြာမခံ။ အသီးလည်း ကြာကြာမမြဲ။ အပင်လည်း ထာဝရမလန်းဟု သိရသောအခါ ကျွန်တော့်မှာ လောက သဘော သဘာဝကိုပင် ဘဝင်မကျချင်တော့။ (သို့သော် ကြာနိုင် သမျှ ကြာကြာခံအောင်၊ မြဲနိုင်သမျှ ကြာကြာမြဲအောင် လန်းနိုင် သမျှ ပိုပြီးကြာကြာလန်းအောင် ကျွန်တော် အစွမ်းကုန် ကြိုးပမ်းခဲ့ လေသည်။)

ကျွန်တော်တို့ အိမ်ခေါင်းရင်းတွင် အိမ်တစ်အိမ်ရှိသည်။ ထိုအိမ် နှင့် ကျွန်တော်တို့အိမ်အကြား (မြေကွက်လပ်နှစ်ခုစပ်ကြား)တွင် မာလကာ ပင်ကြီး တစ်ပင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရှုးဆွတ်နေသော ဝါးလုံးရှည်ကြီးသည် အညွန့်တက်ခါစ ကျွန်တော့် ကြက်ဟင်းခါးစင် တစ်စင်ပေါ်သို့ အရှိန်ပြင်းစွာ ပြုတ်ကျ၏။ ဝါးခြမ်းလေးတွေဖြင့် ချည်နှောင်ထားသော ကြက်ဟင်းခါးစင် ပျက်စီးသွားတာ ကိစ္စမရှိ။ အညွန့်တက်ခါစ ကြက်ဟင်းခါးပင်လေး မထိခိုက်ဖို့ လိုအပ်သည်။

ဝါးလုံးပြုတ်ကျသည်ကို မြင်လျှင်မြင်ချင်း ကျွန်တော့်အပင်လေးကို ကျွန်တော် ပြေးကြည့်၏။ အပင်သေးသေး နုနုလေးသည် အညွန့်ကျိုးလျက်။

နွတ်မှ စကားကြမ်းများထွက်ပြီး အော်ဟစ်ရင်း နီးရာတုတ်တစ်ချောင်းကို ကောက်ယူလျက် ကျွန်တော် မာလကာပင်ပေါ်သို့ တက်ပြီး အပင်ပေါ်ကလူကို မမီမကမ်း လှမ်းရိုက်၏။ လူကြီးသူမတွေ အော်ကြဟစ်ကြဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွား၏။





ကျွန်တော့်ကို အပင်ပေါ်အထိ တက်ဆွဲယူဆွဲသည်။ အပင်အောက်မှ ဟန့်တားသူ တားသည်။ အမေ့အသံကြားမှ ကျွန်တော် အပင်အောက်သို့ ဆင်း၏။ ဒါဇတောင်မှ လက်ထဲမှတုတ်ကို မလွှတ်သေးဘဲ

"မင်း ဆင်းရဲရင် ဆင်းခဲ့"

ဟု ပြောရင်း မာလကာပင်အောက်တွင် ဒုတ်တုတ်ထိုင်စောင့်နေသေးသည်။ (စိတ်တိုလွန်းသဖြင့် စောစောက ဝါးလုံးပြုတ်ကြခဲ့သည့် ကြက်ဟင်းခါးစင်ကိုပါ ရိုက်နှက်ဖြိုချပစ်လိုက်၏။)

"မတော်တဆဖြစ်တာပါ"

ဟု မာလကာပင်ပေါ်ကလူ အော်ပြောနေသည်ကိုလည်း ကျွန်တော် လက်မခံ။ (အနည်းဆုံး ကျွန်တော့်အပင်လေး အညွန့်ကျိုးသွားသလို သူ့လက်ဖျံရိုးတစ်ချောင်းလောက်တော့ ရိုက်ချိုးချင်သေးသည်။)

ဆွဲကြ၊ လွဲကြ၊ ဖျောင်းဖျကြဖြင့် အချိန်အတော်ကြာသော်အခါ



www.burmeseclassic.com

www.burmeseclassic.com



ကျမှ ကျွန်တော် အိမ်ထဲသို့ရောက်၏။ ကျွန်တော် အိမ်ထဲသို့ရောက်မှ မာလကာပင်ပေါ်ကလူ အောက်ဆင်းသည်။ ဆင်းသည်ကို မြင်လျှင် မြင်ခြင်း ကျွန်တော် အိမ်ရှေ့သို့ ပြေးထွက်ဖို့ပြင်သေးသည်။ အမေ တံခါးပိတ်ထား၏။

"ဒီအပင်သေးသေးလေး ပျက်စီးသွားတာ နင်ဘာဖြစ်လို့ ဘီလူးစီးနေရတာလဲ"

အမေ့၏ တည်ငြိမ်သည့် အမေးစကား..

"သားစိုက်ထားတာ မေမေရဲ့၊ အခု အညွန့်ကျိုးသွားပြီ၊ မတော်တဆပဲ ပြောပြော၊ တမင်ပဲလုပ်လုပ်၊ အညွန့်ကျိုးသွားတာ သားရဲ့အပင်၊ သား ပြုစုယုယထားတဲ့ အပင်၊ အရိပ်တကြည့်ကြည့် ကြည့်နေတဲ့အပင်၊ ဘယ်သူမှ ထိလို့မရဘူး"





အမေက ကျွန်တော့်လက်ထဲမှ တုတ်ကိုယူသည်။ နံရံတွင် ညင်သာစွာ ထောင်လိုက်ပြီး

"နင်စိုက်ထားတဲ့အပင် အညွန့်ကျိုးသွားတာ မြင်ရတော့ နင်ဘယ်လိုခံစားရသလဲ"

"အသည်းဆတ်ဆတ်ခါအောင် နာတယ်"

အမေက သောက်ရေအိုးစင်မှ သောက်ရေတစ်ခွက်ခပ်ပြီး ကျွန်တော့်ကို တိုက်သည်။ ကျွန်တော် ယူသောက်လိုက်၏။ ခွက်ကို ပြန်ယူပြီး အမေက

"မိဘဆိုတာလည်း သူတို့မွေးထားတဲ့ သားသမီးတွေကို အရိပ်တကြည့်ကြည့် ကြည့်နေရတာ။ အညွန့်ကျိုးသွားမှာ အရမ်းစိုးရိမ်တယ်။ လူညွန့်တုံးသွားရင် ရင်ကွဲမတတ် ခံစားကြရမှာ။ အဲဒါကြောင့် နင်



www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်စမ်း သား။ နှင်စိုက်ထားတဲ့အပင် တစ်ခုခု

ကြောင့် ထိခိုက်ပျက်စီးသွားတာကို နှင်မကြိုက်ချင်သလို

မေမေတို့ကလည်း မွေးထားတဲ့ သားသမီးတွေကို

တစ်ခုခုကြောင့် ပျက်စီးသွားမှာ မလိုလားဘူး။ နှင်

မိဘနေရာကနေ နှင့်အပင်လေးတွေကို သားသမီး

လေးတွေအဖြစ် သဘောထားပြီး တွေးကြည့်စမ်း”

ဒေါသဖြစ်နေသဖြင့် အမေနိုင်းသလို ကျွန်တော် မတွေးကြည့်ဖြစ်ခဲ့ပါ။

သို့သော် ကျွန်တော် နည်းနည်းတော့ ငြိမ်သက်သွားသည်။

အမေ့ကို ဘာမျှပြန်မပြောဖြစ်သော်လည်း ထိုစဉ်က အမေပြောခဲ့သည့် စကားများကိုတော့ ကျွန်တော် မှတ်မိနေခဲ့၏။

“မေမေကလည်း ဒေါသဖြစ်နေတဲ့သူကို ကြွေ





အောင် လာလုပ်နေပြန်ပြီ”

ဟု စိတ်ထဲက ပြောမိခဲ့သေးသည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

၄။

လွန်ခဲ့သော တစ်ပါတ်ခန့်က ည (၂)နာရီလောက်တွင် ရပ်ကွက်ထဲ မှာ သူခိုးကပ်သည်။ ကျွန်တော် မအိပ်ဖြစ်သေး။ သူငယ်ချင်းတွေနှင့် ကင်းတဲအနီးတွင် ရှိနေသေး၏။





"ဟော့ကောင်တွေ.. ဝင်ပေါက်၊ ထွက်ပေါက်တွေ အကုန်ပိတ်ထား။ မီးတွေဖွင့်ပါဗျို့၊ မီးတွေဖွင့်ထားပါ"

ကျွန်တော်အော်သည်။ သူငယ်ချင်းတွေအော်သည်။ သူခိုးအဝင်ခံရသည့် ကာယကံရှင်တွေ၏လက်ထဲတွင် တုတ်များကိုယ်စီ။

ကျွန်တော့်အော်သံကြောင့် ဖြစ်ပေမည်။ လူတော်တော်များများ နိုးသွား၏။ အမေနိုးသွားပြီး ကျွန်တော့်ကို လှမ်းခေါ်သည်။

"ဟဲ့ သားကြီး၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး မေမေ၊ အိပ်တော့"

"နင့်အသံကြားလို့ ငါထွက်လာတာ"

"သား ဘာမှမဖြစ်ပါဘူး၊ ဟို.. သူခိုး ခိုးလို့ သူခိုးကပ်လို့"

"အဲဒါ နင်နဲ့ဘာဆိုင်လဲ၊ ကင်းသမားတွေရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ နင်နဲ့ဘာဆိုင်လဲ''

ဟု မေမေက စိုးရိမ်တကြီးပြောဆိုသောအခါ

''ဆိုင်တာပေါ့ မေမေရယ်၊ ကိုယ့်ရုပ်ရှာကိစ္စပဲ

မေမေအိပ်ပါ၊ နေရင်းထိုင်ရင်း ပူမနေပါနဲ့''

ဟူသော စကားမျိုးတွေ မေမေ့ကို ကျွန်တော် ပြန်မပြောဖြစ်

တော့ပေ။ အသာလေးသာ ငြိမ်သက်နေလိုက်၏။

အဘယ်ကြောင့်ဆိုသော် ယခုအသက်အရွယ်အထိ မေမေ

ကျွန်တော့်ကို အရိပ်တကြည့်ကြည့် ကြည့်နေသေးပါလားဟု ခံစားလိုက်ရ

သောကြောင့် ဖြစ်ပါသည်။ ။


အတွဲ (၁)၊ အမှတ် (၃)၊ ရွှေမြန်မာဂျာနယ်



# ပန်းတို့၏ပတ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့တည့်တည့်ကို ရောက်နေကြပြီဖြစ်သော မူလတန်းကျောင်းသူကလေးနှစ်ယောက်၏ မျက်နှာတွေကို သူ သေသေချာချာကြည့်သည်။

စမ်းရေပြောစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ချိုဟုခေါ်သော ကလေးမလေးက မျက်နှာသုန်မှုန်နေသည်။ ဆံပင်စုတ်ဖွားလေးနှင့်။

ဒါလီဟုခေါ်သော ကလေးမလေးက ငိုထားပုံရ၏။ ဆံပင်ပုံစံလှလှလေးကို သပ်သပ်ရပ်ရပ် ဖြီးသင်ထား၏။

"ကဲ.. ဘာကြောင့် ရန်ဖြစ်ကြတာလဲ၊ ခင်ခင်ချိုစပြော။ ဒါလီ့ကို ခင်ခင်ချိုက ပေတံနဲ့ရိုက်တယ်ဆို၊ ဘာလို့ရိုက်တာလဲ"

"မနေ့က ဆရာ အိမ်စာပေးလိုက်တာ ပတ်ဝန်းကျင်ရှိ ပန်းနှစ်မျိုးကို ဖော်ပြပါ.. တဲ့၊ သမီးက ခရေပန်းနဲ့ စံပယ်ပန်းလို့ ရေးခဲ့တယ်။ အဲဒါကို ဒါလီက မှားတယ်.. တဲ့၊ စပိုက်ဒါနဲ့ ဒါန်းစင်းလေဒီ.. တဲ့၊ သမီးက မဟုတ်ဘူး၊ ခရေနဲ့ စံပယ်လို့ပြောတာ၊ အဲဒါကို





ဒါလီက ခရေနဲ့စံပယ်က အောက်တန်းစားပန်းတွေလို့ ပြောတယ် ဆရာ"

"အဲဒီလိုပြောရုံနဲ့ ခင်ခင်ချိုက ဘာဖြစ်လို့ ပေတံနဲ့ ရိုက်ရတာလဲ"

"သမီးအစ်မနဲ့အစ်ကိုက ခရေပန်းနဲ့ စံပယ်ပန်း.. ရောင်းတယ်ဆရာ၊ ဒါလီပြောတာ မခံနိုင်လို့ ရိုက်လိုက်တာ"

**"ဒါလီကရော ခရေပန်းနဲ့ စံပယ်ပန်းကို ဘာဖြစ်လို့ အောက်တန်းစားပန်းလို့ ပြောရတာလဲ"**

"ခရေနဲ့စံပယ်ကို သမီး မပန်ဖူးဘူး ဆရာ၊ လမ်းဘေးမှာ ရောင်းတာပဲ မြင်ဖူးတယ်၊ သမီးတို့အိမ်ဝင်းထဲမှာ စပိုက်ဒါနဲ့ ဒါန်းစင်းလေဒီတွေ အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဘာပဲဖြစ်ဖြစ် ကျောင်းသူကျောင်းသားအချင်းချင်း ရန်ဖြစ်ရင် နှစ်ယောက်စလုံး အပြစ်ရှိတယ်၊ ခင်ခင်ချိုက ပေတံနဲ့ရိုက်တဲ့အတွက် ပိုပြီးအပြစ်ရှိတယ်"

စားပွဲပေါ်ရှိ ကြိမ်လုံးသေးသေးလေးကို သူ ကောက်ယူလိုက်စဉ် ခင်ခင်ချိုက လက်ဝါးဖြန့်ပေးရင်း

"ပတ်ဝန်းကျင်ရှိ ပန်းနှစ်မျိုးဆိုကာ ခရေပန်းနဲ့ စံပယ်ပန်းလား၊ စပိုက်ဒါနဲ့ ဒါန်းစင်းလေဒီလား... ဆရာ။ သမီးပြောတဲ့ ပန်းနှစ်မျိုးက မမှန်ဘူးလား... ဆရာ"

"မှန်တယ်၊ နှစ်ယောက်စလုံးမှန်တယ်"

"ဒါဆို သမီးကို ဘာဖြစ်လို့ရိုက်ရမှာလဲဆရာ"





"ဒါလို့ကို ပေတံနဲ့ရိုက်လို့ အပြစ်ပေးတာလေ"

"ခရေပန်းနဲ့ စံပယ်ပန်းက အောက်တန်းစားပန်းလို့ ပြောတာ ဒါလို့မှာ အပြစ်မရှိဘူးလား ဆရာ"

"ရှိတယ်"

ဟု သူပြောလိုက်သည်။

"ဒါဆို ဒါလို့ကိုလည်း ရိုက်ပါ ဆရာ"

ကြိမ်လုံးသေးသေးလေးကို ကိုင်မ,ထားရင်း သူ ဘာလုပ်ရမှန်း မသိတော့ချေ။ တစ်ယောက်က ကိုယ်ထိလက်ရောက် ပုတ်ခတ်သူ။ တစ်ယောက်က စကားအရာဖြင့် ပုတ်ခတ်သူ။

ကိုယ်ထိလက်ရောက်ပုတ်ခတ် ရိုက်နှက်သူကို၊ အပြစ်ပိုကြီးသည်ဟု သတ်မှတ်မိသော ကိုယ့်ကိုယ်ကို မည်သို့ဝေဖန်သုံးသပ်ရမည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှိ ပန်းအမျိုးအစား ကွဲပြားခြားနားခြင်းကြောင့် ပြဿနာတွေ၊ ပဋိပက္ခတွေ ဖြစ်ပေါ်လေ့ရှိနိုင်သည်ကို ယခုမှ သူ တွေးမိချေသည်။

သူသည်. .

ကျောင်းဆရာပေါက်စနလေးသာ ဖြစ်သေး၏. .။ ။

2004, Jan 24, 1:33 PM

အမှတ်စဉ် (၂၆၅)၊ အင်တာဗျူးဂျာနယ်

ဝန်ခံချက်

၁၉၉၅/၉၆ အတွင်းထွက်ရှိခဲ့သော ရှက်နုဝေမဂ္ဂဇင်း၌ "ရည်ရွယ်ရှန်းလဲ့" အမည်ဖြင့် ရေးသားခဲ့ဖူးသောဝတ္ထုကို ပြန်လည်တွေးတောရေးဖွဲ့ပါသည်။

စမ်းချောင်းပြာစာပေ

# သေခြင်းတရားကို ကျေးဇူးတင်ပါသည်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော ကိစ္စတွေကို အသက်ဆယ့်နှစ်နှစ်လောက်အထိ ကျွန်တော် မသိသေး။ စိတ်မဝင်စားဖြစ်သေး။

ဆော့ကစားဖို့ မိဘထံမှ မုန့်ဖိုးတောင်းဖို့ မိဘကို နည်းနည်းပါးပါး ကူညီဖို့၊ ကျောင်းသွားဖို့၊ စာကြည့်ဖို့ စသဖြင့်သော ကိစ္စများသာ အာရုံထားဖြစ်သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော အနိစ္စတရားတွေကို သိမိဖို့ မဆိုထားနှင့် ကိုယ့်ကိုယ်ကိုပင် အိုရလိမ့်မည်။ နာရလိမ့်မည်ဟု မသိသေး။ သေရလိမ့်မည်ဟု မတွေးတောမိသေး။

စမ်းချောင်းပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသက်ဆယ့်နှစ်နှစ်တင်းတင်းပြည့်သောနေ့၏ လအစွန်းလောက်မှာတော့ ကျွန်တော်မတွေးတောဖူးသော သေခြင်းတရားကြီးက ဦးခေါင်းထဲသို့ ရောက်လာလေသည်။ ရောက်လာတာမှ တကယ့်အချိန်ကောင်း ညဘက်တွင် ရောက်လာခြင်းဖြစ်၏။

ကျွန်တော်တို့အိမ်၏ ခေါင်းရင်း၊ တစ်အိမ်ကျော်တွင် လင်မယားနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေကြသည်။ ရှာပနကို သင်္ဂြိုလ်ပြီးသည့်နေ့၏ညတွင် ကျွန်တော် အိပ်မပျော်ဘဲ အိပ်ရာထဲတွင် ရှိနေ၏။ အိပ်မပျော်ဘူးဆိုတာက နေ့ခင်းဘက်တွင် ကျွန်တော့်ခြေဖဝါးမှာ သံရှူးထားသောကြောင့် ခြေထောက် အနည်းငယ်နာသဖြင့် အိပ်မပျော်သေးခြင်း ဖြစ်သည်။ ထိုအိပ်မပျော်သောညကျမှ ကျွန်တော့်အတွေးများထဲသို့ သေခြင်းတရားက ခြောက်လှန့်လှန့်နှင့် ရောက်ရှိလာခြင်း ဖြစ်လေသည်။

ဟိုသည် တွေးတောနေရင်းက ပထမဆုံး တွေးတောဖြစ်သည်မှာ





အထက်ပါ ခေါင်းရင်းအိမ်မှ လင်မယားနှစ်ယောက် (လင်ယောက်ျားသေပြီး တစ်လမျှအကြာတွင် ဇနီးမယား ထပ်မံသေဆုံးခြင်းဖြစ်သည်။) ရှေ့ဆင့်နောက်ဆင့် သေဆုံးသောအကြောင်းကို တွေးတောဖြစ်၏။

သူ့ယောက်ျားသေပြီး သူသေတယ်။ သူသေပြီးရင် ဘယ်သူသေမလဲ။ လူတွေဟာ အဲဒီအသက်အရွယ်ရောက်ရင် သေတာလား။ ဟာ မဟုတ်ဘူး ထင်တယ်။ ဟိုတလောက ငါနဲ့ရွယ်တူ ကောင်လေးတစ်ယောက် ရေနစ်ပြီးသေသေးတယ်။ ဟာ ဒါဆိုရင် လူဟာ အရွယ်မရွေး သေကြတာပဲ။ အချိန်မရွေး သေနိုင်တာပဲ။ ဒါဆို ငါလည်း သေမလား မသိဘူး။

အား. . . ကြောက်လိုက်တာ။ ဖေဖေရော သေမှာလား။ မေမေရော သေမလား။ ဘွားဘွားကို့လည်း သေကြမယ်နဲ့တူတယ်။ ဟာ. . . ဒုက္ခပါပဲ။ ငါ မသေချင်ဘူး။ မသေရဲဘူး။ ဖေဖေတို့ကော ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



သေမှာလဲ။ နေမကောင်းဖြစ်ပြီးသေရင် ငါ ဘယ်လိုနေခဲ့ရမှာလဲ။ ငါသေရင် ဘယ်အရွယ်သေမှာလဲ။ အခု သေမှာလား။ ရေနစ်ပြီး သေမှာလား။ အမယ်လေး. . . ငါ မသေရဲဘူး။ ထိုသို့သော တွေးတောစိုးထိတ်မှုများဖြင့် ညကြီးမင်းကြီး ကျွန်တော် ငိုပါလေတော့သည်။ အော်ငိုခြင်းမဟုတ်ပါ။ ရှိုက်ငိုခြင်းဖြစ်သည်။ ကျွန်တော့်ရှိုက်သံကို မေမေကြားသွား၏။ သား. . . ဘာဖြစ်လို့လဲ. . . ဟု မေမေ မေးသည့်အထိ ကျွန်တော်မဖြေမိ။ ခြေထောက်မှ သံစူးရာကို မေမေ သတိရသွားဟန် တူသည်။

"အဲဒါကြောင့် ပြောသားပဲ၊ ဆေးခန်းသွားမယ်ဆို တော့ မနာပါဘူး၊ ဘာဘူးနဲ့၊ အခု အနာကိုက်နေပြီ မဟုတ်လား"

သူ. . . ထင်ချင်ရာထင်၊ သူ ပြောချင်ရာပြောလျက် ကျွန်တော့် ခြေဖဝါး၏ သံစူးရာပေါ်တွင် သကြားတွေအုံပြီး မေမေ မီးကင်ပေးပါသည်။





ကျွန်တော် ငိုမြဲငိုနေခဲ့ပါသည်။ ထိုည၏ စိတ်ခံစားမှု၊ ထိုည၏ ကြောက်လန့်မှုအကြောင်းကို ယခုအသက်(သုံးဆယ်)ပြည့်ပြီးသည့်အထိ မေမေ့ကို မပြောပြဖြစ်သေးပါ။ ထိုသို့သော သေခြင်းတရားပေါ် ကြောက်လန့်စိတ်ဖြင့်၊ မသေအောင် ကြံဆောင်လိုစိတ်များ ကျွန်တော့်တွင် ကိန်းအောင်းခဲ့ပါသည်။

သေခြင်းတရားကို ရှောင်ဖယ်ဖို့ သေခြင်းမှထွက်ပြေးဖို့ ကြိုးစားရင်းက တဖြည်းဖြည်း သေခြင်းတရားနှင့် ကျွန်တော် ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။

အသုဘတွေ ခဏခဏ လိုက်ပို့ဖြစ်ပါသည်။ နောင်သော်၊ အိုခြင်း. . . နာခြင်း. . . သေခြင်းကင်းရာအရပ်ကို နိဗ္ဗာန်ဟု သိလာရပါသည်။ ထိုအခါ သေခြင်းတရားဟူသည် လူ(သတ္တဝါ)တိုင်း ရှောင်ကွင်း၍ မရသော တရားဟု နှလုံးသွင်းဖြစ်ပါတော့သည်။

ထိုသို့ နှလုံးသွင်း ဆင်ခြင်နိုင်ခြင်းမှာ အနန္တငါးပါး၏ ဂုဏ်ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်ကြောင်း ကျွန်တော် ယုံကြည်စွာ ဝန်ခံအပ်ပါသည်။ ယေစဉ်က သေရမှာ ကြောက်လန့်ခဲ့သော ညတစ်ညအကြောင်းကို သူငယ်ချင်း တစ်ယောက်အား ကျွန်တော်က အမှတ်ရစွာ ပြောပြဖြစ်ပါသည်။

ထိုအကြောင်းကို နားထောင်ပြီး ကျွန်တော်ရော ကျွန်တော့် သူငယ်ချင်းပါ ရော၍ ရယ်မောကြသည်။ ရယ်မောပြီးနောက် ကျွန်တော့် သူငယ်ချင်းက ကျွန်တော့်ကို အောက်ပါအတိုင်း ပြောလေသည်။

"သေခြင်းတရားဆိုတာ ကြောက်စရာမဟုတ်ဘူး ကွ၊ သေခြင်းတရားကြောင့် လူ့တန်ဖိုးတွေ၊ လူ့အရည် အချင်းတွေ တိုးတက်နေတာ၊ ငါကတော့ သေခြင်းတရား ကို အမြဲတမ်းကျေးဇူးတင်တယ်၊ လူတွေသာ မသေကြ တော့ဘူးဆိုရင် လူတွေတော်တော်များများ အလုပ်လုပ် ကြတော့မှာ မဟုတ်ဘူး။ ရန်သူကို သေနတ်နဲ့ပစ်ရင်





တောင်မှ ရန်သူက မသေမှတော့ ဘယ်လိုလုပ် အဓိပ္ပါယ် ရှိပါတော့မလဲ။ သေခြင်းတရားဆိုတာ လူတိုင်းနဲ့ ထပ်ချပ် မကွာရှိနေတဲ့အခါကျတော့ ငါမသေခင် ငါ့နိုင်ငံအတွက်၊ ငါ့လူမျိုးအတွက်၊ ငါ့မိဘအတွက်၊ ဒါမှမဟုတ် ငါ့အတွက် ဆိုတဲ့ အတွေးမျိုးနဲ့ အလုပ်တွေ ပိုပိုပြီးလုပ်နိုင်လာတယ်။

သေခြင်းတရားသာမရှိတော့ဘူးဆိုရင် အာဇာနည် ဆိုတာ ပေါ်လာတော့မှာ မဟုတ်ဘူး။ စွန့်လွှတ်မှု၊ စွန့်စား မှုဆိုတာတွေလည်း၊ အဓိပ္ပါယ်ရှိတော့မှာ မဟုတ်ဘူး။ ငါကတော့ သေခြင်းတရားရှိနေတာကို အားတက်တယ်။ လုပ်စရာရှိတာကို မြန်မြန်ဆန်ဆန် လုပ်ဖြစ်တာပေါ့ကွာ"

အထက်ပါစကားများကို လက်ဖက်ရည်သောက်ရင်း၊ ဆေးလိပ် ရင်း ပြောဆိုခဲ့သော ကျွန်တော့်သူငယ်ချင်းသည် ဗမ္မာကထိကတဦး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ဒဿနပညာရှင်တစ်ဦး မဟုတ်ပါ။ ကျွန်တော်နှင့် သက်တူ ရွယ်တူ၊ သာမန်အရပ်သားတစ်ယောက်သာ ဖြစ်ပါသည်။

ထိုသာမန်လူတစ်ယောက်၏စကားများကို ကျွန်တော်မိတ်ဆွေများ ကြား၊ သိ၊ ဖတ်၊ မှတ်ဖြစ်လျှင် ရယ်မောမိမလား။ နှစ်သက်မိမလား ကျွန်တော် မခန့်မှန်းတတ်ပါ။

ကျွန်တော်ကတော့ ..

သေခြင်းတရားကို ကျေးဇူးတင်လျက်ရှိပါသည်။ ။

အတွဲ (၁)၊ အမှတ် (၂၁)၊ သတင်း



# အကြိမ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ယောက်ကို သတိရမိပါက၊ ကျွန်တော့်အတွက် မငြိမ်းချမ်းသူ ဖြစ်နေခဲ့လျှင်၊ ထိုသတိရစိတ်ကို မိနစ်ပိုင်းအတွင်း ပယ်ဖျက်ပစ်ခဲ့သည်။ ပယ်ဖျက်ပစ်လေ့ရှိသည်၊ ပယ်ဖျက်နိုင်အောင် ကြိုးပမ်းသည်။

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကို လိုချင်မိပါက၊ ကျွန်တော့်အတွက် သိပ်လိုအပ်နေခဲ့လျှင်၊ ယိုလိုချင်သောအရာကို တမ်းတမနေတတ်။ ယင်းရှိရာအရပ်သို့ ချက်ချင်းအရောက်သွားဖြစ်သည်။ ချက်ချင်းမရောက်နိုင်လျှင်တောင်၊ အရောက်သွားဖို့ ချက်ချင်းထ,ရပ်မိတတ်ချေသည်။ ဒါကို. . စိတ်မြန်လက်မြန်ဟု ခေါ်လေမလား။ ကျွန်တော် မပြောတတ်။

ကျွန်တော်ဆိုလိုချင်သည်မှာ၊ အတိတ်ကာလ,ကိုဖြစ်စေ၊ အနာဂတ်ကာလ,ကိုဖြစ်စေ၊ တမ်းတမှန်းမျှော်ရင်း ပူပင်ခံစားရမည့်အလုပ်ကို ဘယ်တုန်းကမျှ မလုပ်ခဲ့ဖူးဘူး. . ဟု ဆိုလိုပါသည်။

မကောင်းသော အတိတ်ကာလကို၊ သတိရတမ်းတမိပါက၊ စိတ်နှလုံးမှာ ငြိမ်းအေးစရာမရှိ။

နဖူးတွေ့၊ ဒူးတွေ့ ကြုံတွေ့မလာရသေးသော အနာဂတ်ကို မှန်းမျှော်ရင်း၊ စိတ်ကူးနှင့် တိုက်အိမ်ဆောက်နေပြန်လျှင်လည်း၊ စိတ်သည်





သက်သာစရာ မရှိ။ ပင်ပန်းလွန်းလှမည်။

✻

ပစ္စုပ္ပန်ကို ငြိမ်းအေးချမ်းသာအောင် မနည်းကြိုးစား ရုန်းကန်နေကြရသည့် အခါကာလ။

သို့သော်. .

လူ့သဘာဝအရ၊ (ပုထုဇဉ်)စိတ်၏ ဓလေ့အရ၊ တွေးမိ၊ တောမိ၊ ပူပင်မိတတ်ကြလေသည်။ ပစ္စုပ္ပန်မှာ. . (စိတ်ကို) ဘယ်လိုငြိမ်းချမ်းအောင် နေနေ၊ (မနေ့က. . တစ်နေ့က. . ဟိုတစ်ပတ်က. . ဟိုတစ်လက၊ မနှစ်က။ ခုနက. . စောစောက. . စသော) ကုန်လွန်ခဲ့ပြီးသော၊ အတိတ်ကာလများဆီသို့၊ သတိမပြုမိခင် လွင့်ပါးရောက်ရှိသွား



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြပေသည်။

စိတ်သည် အနာဂတ်ကိုပင် ကြိုသွားသွား၊၊ အတိတ်ဆီသို့ပင် ပြန်လှည့်လှည့်။ ပစ္စုပ္ပန်မှာ တည်နေအောင် ထိန်းသိမ်းထားသလောက် မသက်သာနိုင်။ မငြိမ်းအေးနိုင်။ (ဒါတောင်. . . ပစ္စုပ္ပန်ကနေ ရှုန်းရုန်းထွက်တတ်တဲ့စိတ်ကို ဟိုဖို. . . ဒီဖို. . . ဟိုသတိ. . . ဒီသတိနဲ့ ချုန်းအုပ်ရတာလည်း၊ အဆင်မပြေခင် ပင်ပန်းတတ်သေး၏။) အတိတ်ကိုပဲသွားသွား၊ အနာဂတ်ကိုပဲသွားသွား၊ သေချာတာကတော့ စိတ်သွားရာ "ကိုယ်" ပါနိုင်မည် မဟုတ်ချေ။ "ကိုယ်" မပါနိုင်မည့်အတူတူ၊ သွားမိရာ "အတိတ်"၊ မှန်းဆမိရာ "အနာဂတ်" များဆီသို့ မကြာမကြာ ရောက်တတ်သည့် တစ်ခဏ၊ တန်ဖိုးရှိရာ၊ တန်ဖိုးကြီးရာတို့ကိုသာ၊ တွေးတောလျက် ရင်အမောဖြေလျှင်၊ ကောင်းမွန်သင့်လျော်ပေလိမ့်မည်။

*





သစ္စာမရှိသော. . . ချစ်သူရည်းစားအကြောင်း တွေးနေမည့်အစား အနစ်နာခံတတ်သော၊ မွန်ရည်သော၊ သူငယ်ချင်းတစ်ယောက်အကြောင်းကို တွေးတောနေလိုက်လျှင် မကောင်းဘူးလား။

အနာဂတ်အတွက် တွေးမည်ဆိုလျှင်လည်း

"ငါတော့ နိုင်ငံခြားရုပ်ရှင်တွေထဲကလို လူသတ်ကောင်ကြီး လုပ်ချင်တယ်လို့ တွေးမဲ့အစား လူ့အသက်ကို ကယ်ဆယ်တဲ့ အလုပ်တစ်ခုခုလုပ်မယ်"

လို့ တွေးနေမိရင်ကော မကောင်းဘူးလား။ (ပစ္စုပ္ပန်မှာ မနေတဲ့ဘယ်စိတ်မှ မအေးချမ်းနိုင်ပေမဲ့၊ ကောင်းတာမွန်တာလေးတွေ တွေးနေမိရင်တော့ အပူသက်သာနိုင်တာပေါ့။)

ဒါဆို ဘယ်လိုလူတွေအကြောင်း တွေးမလဲ။ သတ်မှတ်ချက်လိုအပ်လာပေမည်။ ရုတ်တရက် ချက်ချင်းဖြေရမည်ဆိုလျှင် တန်ဖိုးရှိသူ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့အကြောင်း တွေးနေရတော့မည်။ တွေးနေသင့်ပေသည်။ (ဥပမာ – ဘုရားအကြောင်းတွေးနေရင် မကောင်းဘူးလား)။ အလုံးစုံ ကောင်းမြတ်ပါသည်။

သို့သော်..

ပစ္စုပ္ပန် အနုသယ ကမ္ဘာကြီးမှာ နေနေကြသူတွေဆိုတော့ တခြားအကြောင်း တွေးချင်တွေးနေမိကြမှာပေါ့။ ဒါဆို ဘယ်သူ့အကြောင်း တွေးရင်၊ ကောင်းမလဲ။ ခုနက ကျွန်တော်ပြောခဲ့သလို တန်ဖိုးရှိသူတွေအကြောင်း...။

❋ ❋ ❋





လူ့ပတ်ဝန်းကျင်၌..

မည်သူသည် ကျွန်တော့်အတွက် တန်ဖိုးကြီးသည် တန်ဖိုးရှိသည် ဟု ကျွန်တော် မတိုင်းတာ၊ မသတ်မှတ်တတ်ခဲ့ပါ။ အလွန်ခက်ခဲသော ကိစ္စ ဖြစ်ပါသည်။

ဉာဏ်မီခံစားရသလောက် သတ်မှတ်ရမည်ဆိုလျှင် ပြန်လိုချင်နေသေးသော အရာမှန်သမျှ တန်ဖိုးရှိသောအရာများ ဖြစ်ပေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့အတွေးဖြင့် နှိုင်းယှဉ်သတ်မှတ်မိခြင်းဖြစ်သည်။

ကျွန်တော့်အဖေ ဆုံးပါးကွယ်လွန်ခဲ့သည်မှာ ၂၀၀၇ ခု၊ ဇန်နဝါရီ (၂၇) တွင် (၃) နှစ်ပြည့်တော့မည်။

ကွယ်လွန်ပြီးသည်မှ ယနေ့အထိ နေ့စဉ်နှင့် အမျှ တမ်းတ ပူဆွေးနေသည့်အလုပ်မျိုး ကျွန်တော် မလုပ်ဖြစ်ပါ။





သို့သော်.. တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်တာလေးများရှိလျှင် သတိရမိတတ်လေသည်။

ထိုသို့ သတိရမိစဉ်၊ ဆင့်ပွားမေးခွန်းတစ်ခုကို ကျွန်တော် ကိုယ့်ကိုယ်ကို မေးဖြစ်သည်။ ထိုမေးခွန်းမှာ

"ဒီအဖေကို နောက်ထပ်တစ်ခါ အဖေအဖြစ်နဲ့ ပြန်လိုချင်သေးသလား"

ဟူသော မေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းကို မေးမိသည့်အခါ တိုင်း 'ပြန်လိုချင်တယ်' ဟု ကျွန်တော် ဖြေဆိုမိပေသည်။ (ကျွန်တော့် အဖေ၏ တန်ဖိုးကို ကျွန်တော်သိသောကြောင့် ကျွန်တော် ပြန်လိုချင် တယ်ဟု ဖြေဆိုရပါသည်။)

သင်တို့သည်လည်းကောင်း၊ ကျွန်တော်တို့သည်လည်းကောင်း တစ်စုံတစ်ခုကို (သို့မဟုတ်) တစ်စုံတစ်ဦးကို ပြန်လိုချင်သေးလျှင် ထိုအရာ



www.burmeseclassic.com

www.burmeseclassic.com



တို့သည် သင်တို့၊ ကျွန်တော်တို့အတွက် 'တန်ဖိုးရှိသောအရာများ' ဟု သုံးသပ်, သတိမှတ်ပါရစေ. . ။ ။

2006 Sep 7

အတွဲ (၁)၊ အမှတ် (၃)၊ ချမ်းသာဂျာနယ်



# ရည်းစားထားသူများ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းလူတိုင်းတွင် ချစ်သူရည်းစား တစ်ယောက်လောက်တော့ ရှိကြပါလိမ့်မည်။ ရှိနိုင်ပါလိမ့်မည်။ ရှိတတ်ကြပါသည်။ (အရွယ်ရောက်သော လူတိုင်းလူတိုင်းကို ဆိုလိုပါသည်။)

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရည်စား ထားရှိကြသည့်အခါ အချိန်တိုင်း အချိန်တိုင်း ချစ်သူအား သတိရနေတတ်ကြသည်။ တမ်းတ လွမ်းဆွတ်နေမိတတ်ကြ သည်။ အိပ်လည်းသူ၊ စားလည်းသူ၊ သွားလည်းသူ၊ အိပ်ပျော်နေလျှင် တောင် အိပ်မက်ထဲမှာသူ။ ထိုကဲ့သို့ ချစ်သူရည်စားအား အချိန်နှင့်အမျှ သတိတရ တမ်းတနေတတ်ကြသည်ကို ကျွန်တော် အပြစ်မဆိုသာ။

သို့သော်..

ဘဝကို တန်ဖိုးထားလျက် တိုးတက်မြင့်မားအောင် ကြိုးစားလို သူများအတွက် သတိချပ်စရာ တစ်ခုတော့ ကျွန်တော် ပြောပြချင်ပါ သည်။

ကျွန်တော် အသက် (၁၉)နှစ်အရွယ်က ချစ်သူရည်စား တစ်ယောက် ရှိခဲ့ပါသည်။ အထက်ကပြောခဲ့သလို အိပ်လည်းသူ စားလည်းသူ၊ သွားလည်းသူပဲ ဆိုပါတော့။ ကျွန်တော်သည် ထိုအချိ ထိုအရွယ်က လူငယ်သဘာဝ ဂစ်တာတဒေါင်ဒေါင်ဖြင့် ပေါ့ပေါ





ပါးလား နေတတ်ခဲ့သူ ဖြစ်ပါသည်။

ချစ်သူကို သတိရသောအခါ၊ မြင်တွေ့ချင်သောအခါ သူ့အား ဆက်သွယ်ရန် ကျွန်တော့်မှာ တယ်လီဖုန်း မရှိပါ။ ထို့ကြောင့် ချစ်သူကို သတိရလျှင် တမ်းတလွမ်းမောသော စိတ်နှလုံးဖြင့် ကျွန်တော် ကဗျာ တွေ ရေးပါသည်။ ကဗျာရေးပြီး အလွမ်းဖြေတယ်ဆိုပါတော့။

တစ်ခါတစ်ရံ လမ်းဘေးအုတ်ခုံပေါ်၌လည်းကောင်း၊ ခါတ်တိုင် အောက်၌ လည်းကောင်း၊ သူငယ်ချင်းများနှင့်အတူ ဂစ်တာတီးပြီး သီချင်း ဆိုရင်း ချစ်သူကို တမ်းတဖြစ်ပါသည်။

တစ်နေ့သောအခါ..

ထိုတစ်နေ့တာလုံး ချစ်သူကို တွေ့မြင်လိုသော သတိရစိတ်ဖြင့် မထိ ထိုင်မသာ လွမ်းဆွတ်ခံစားနေရပါသည်။ ထိုအခါ ညဦးပိုင်း င် ချစ်သူအိမ်ရှေ့သို့သွားပြီး ဂစ်တာတီး သီချင်းဆိုရန် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များက အကြံပေးကြပါသည်။

ကျွန်တော့်အသံကို ကြားနိုင်သော အကွာအဝေး၊ ချစ်သူကို လှမ်းတွေ့ကြည့်မြင်နိုင်သော နေရာတွင် ကျွန်တော်တို့ အုပ်စုဖွဲ့၍ ထိုင်ကြပါသည်။

ကျွန်တော်တို့ တစ်အုပ်စုလုံး ချစ်သူအိမ်ရှေ့သို့ ရောက်ရှိဝိုင်းဖွဲ့နေကြသည်ကို ချစ်သူ မမြင်သေး၊ မသိသေး။ ချစ်သူအရိပ်အယောင်ကို တွေ့မှ ဂစ်တာသံပေးမည်ဟု ကျွန်တော် ဆုံးဖြတ်ပါသည်။

ဂစ်တာမတီးခင်၊ သီဆိုသံမပြုခင် အနီးအနားတွင်ရှိသော သစ်ပင်တစ်ပင်ပေါ်သို့ ကျွန်တော် တွယ်တက်ပါသည်။ ထိုသစ်ပင်ပေါ်မှနေ၍ ချစ်သူ၏ အိမ်အပေါ်ထပ်သို့ ကျွန်တော် လှမ်းကြည့်ပါသည်။ အိမ်ထဲတွင် ချစ်သူရှိမရှိ သိချင်သောကြောင့် သစ်ပင်ပေါ်တက်၍ ကြည့်ရခြင်းဖြစ်သည်။





အိမ်အပေါ်ထပ်တွင် ချစ်သူကို မြင်ရ၏။ သူ စာကျက်နေသည်။ သစ်ပင်ပေါ်မှ ကျွန်တော် အလျှင်အမြန် ဆင်းသက်လိုက်ပါသည်။

"ဟေ့ကောင်တွေ.. ငါတို့ ပြန်ကြမယ်၊ ဂစ်တာ မတီးတော့ဘူး"

"ဘာဖြစ်လို့ ပြန်မှာလဲ"

"သူ စာကျက်နေတယ်"

"ဩော်.. စာကျက်တာကို အနှောင့်အယှက် မဖြစ်စေချင်လို့ ပြန်မှာပေါ့၊ ဟုတ်လား"

"ငါ ဒီလောက် အရမ်း သတိရနေတဲ့အချိန်၊ အရမ်း အရမ်းကို လွမ်းနေတဲ့အချိန်မှာ သူ စာကျက် မပျက်ဘူး။ သူ့အလုပ်ကို မပျက်မကွက် သူလုပ်နိုင်တယ်။

သူတောင်မှ သူ့အလုပ်ကို မပျက်မကွက် လုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သေးတာပဲ။ ငါလည်း ဘယ်လောက်ပဲလွှမ်းလွှမ်း၊ ဘယ်လောက်ပဲ သတိရရ ငါ့အလုပ်ကို ငါ လုပ်နိုင်မှ ဖြစ်မယ်"

ထိုညက အိမ်သို့ ကျွန်တော် စောစောပြန်ခဲ့ပါသည်။ စာကျက်ချင်သည် ဖြစ်စေ၊ မကျက်ချင်သည် ဖြစ်စေ၊ သင်ခန်းစာတစ်ပုဒ်ကို ကျွန်တော် မရမက ကျက်မှတ်လိုက်ပါသည်။

ငါလွှမ်းသလို မလွှမ်းရကောင်းလား၊ ငါသတိရသလို မရရကောင်းလားဆိုပြီး ချစ်သူအပေါ် ကျွန်တော် စိတ်မကွက်ပါ။

မည်မျှပင် ဘယ်လောက်လွှမ်းလွှမ်း၊ မည်သို့ပင် သတိရရ ကိုယ်လုပ်စရာရှိသောအလုပ်ကို မပျက်မကွက် လုပ်ကိုလုပ်ရမည်ဖြစ်ကြောင်း၊ ချစ်သူက သင်အံ့ပေးလိုက်သည်ဟု ကျွန်တော် ခံယူပါသည်။

ရည်စားထားသူများ ခင်ဗျား...။

ကျွန်တော် ချစ်သူရည်စားများစွာ ထားခဲ့ဖူးပါသည်။ လွှမ်းလည်း





လွှမ်းခဲ့ဖူးပါသည်။ ဆွေးလည်း ဆွေးခဲ့ဖူးပါသည်။ ဝေးလည်း ဝေးခဲ့ဖူးပါသည်။

သို့သော် ထိုအလွှမ်း၊ အဆွေး၊ အဝေးအကွာများကြောင့် ဘယ်တုန်းကမှ ကျွန်တော် အလုပ်မပျက်ခဲ့ပါ။ အလုပ်အကိုင်မပျက်ဘဲ လွှမ်းဆွတ်တမ်းတတတ်လေအောင် ချစ်သူ သင်အံ့ပေးခဲ့သည်။

2005 Oct 5

1:13 (A.M)

အလက်ာဝတ်ရည်ရွာနယ်

အမှတ် (၂)၊ နိဝင်ဘာ ၊၂၀၀၅




www.burmeseclassic.com

www.burmeseclassic.com

ထပ်တူညီတံဂံများ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လူတိုင်း လူတိုင်းသည် အချိန်နှင့်အမျှ၊ နေ့စဉ်နှင့်အမျှ စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အနားသုံးနားပါသည့် တြိဂံတစ်ခုကို တည်ဆောက်နေ ကြသူများ ဖြစ်သည်။ ကျွန်တော်သည်လည်း လူထဲက လူတစ်ယောက် ဖြစ်ပါသဖြင့် ထိုစားရေး၊ ဝတ်ရေး၊ နေရေးဟူသော အနားသုံးနားကို (သုံးနားညီ) တြိဂံတစ်ခုဖြစ်အောင် နေ့စဉ်နှင့်အမျှ တည်ဆောက်ခဲ့ရသူ ဖြစ်ပါသည်။ တည်ဆောက်နေရသူလည်း ဖြစ်ပါသည်။

❉

စမ်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဆင်းရဲသော မိဘနှစ်ပါးမှ ပေါက်ဖွားလာရသော ဆင်းရဲသားတစ်ဦး ဖြစ်သည်။ ကိုယ်တိုင်ဆင်းရဲနေရသည်ကိုလည်း မလိုလား။ အခြားသူများ ဆင်းရဲနေသည်ကိုလည်း မကြည့်ရက်။

ထို့ကြောင့် လူမှုန်းသိစကတည်းက တတ်သလောက်၊ မှတ်သလောက် အသိဉာဏ်ဖြင့် ဆင်းရဲခြင်းမှ လွတ်ကင်းအောင် လွန်စွာကြိုးပမ်းခဲ့ရသည်။

အသိဉာဏ်ပညာ အပါအဝင် စာရေး၊ ဝတ်ရေး၊ နေရေးတို့ကို တိုးတက်မြင့်မားအောင် ကြံဆောင်ကြိုးပမ်းခဲ့ရာ၌ အခက်အခဲများ၊ ဒုက္ခသုက္ခများ များစွာကြုံတွေ့ခဲ့ရပါသည်။

ထိုသို့ ရင်ဆိုင်ရုန်းကန်ခဲ့ရသော ကာလများ၌ ကျွန်တော့်အနီးအပါးတွင် အားပေးစကား၊ ဖေးမ,စကား၊ ချီးမွမ်းစကား၊ ပြောကြားပေးမည့်သူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။





သာမန် ပုထုဇဉ်တစ်ဦး၏ စိတ်ရင်းခံအတိုင်း ဝန်ခံရမည်ဆိုလျှင် လောကကြီးကို စိတ်နာသလိုလို၊ မကျေနပ်သလိုလို ခံစား နာကျင်ခဲ့ရ၏။

ကိုယ့်အားကိုယ်ကိုးလျက် တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက် ကြိုးပမ်းနေစဉ်ကာလ၌ လောကကြီးထဲတွင် ကျွန်တော် တစ်ယောက်တည်းပမာ ခံစားခဲ့ရပါသည်။

လမ်းဘေးပလက်ဖောင်းတွင် လည်းကောင်း၊ အရပ်တကာတို့တွင် လည်းကောင်း၊ လှည့်လည်ဈေးရောင်းခဲ့ရသော ကာလများ၊ ချုံတော ဖွက်တောထဲ၌ တဲထိုး၍ နေထိုင်ခဲ့ရသော ကာလများ၊ ထိုကာလများ တွင် ကျွန်တော့်အနီးအပါး၌ ဖေးမ,ထောက်ကူမည့်သူ တစ်စုံတစ်ယောက်မျှ မရှိ။

ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်ခရီး ကိုယ်ထွင်၊ ကိုယ့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဆောက်လျက်၊ စိတ်ခါတ်တက်လိုက် ကျလိုက်ဖြင့် ကိုယ့်ကိုယ်ကို အားပေးရင်း ရှေ့ဆက်ရှင်သန်ခဲ့ရသည်။ (ချိုးနှိမ်မှုများ၊ အထင်သေးမှုများ၊ တိုက်ခိုက်မှုများကို မေ့၍ရလျှင် မေ့လိုက်ချင်ပါသည်။)

❈

တစ်နေ့သောအခါ ကျွန်တော်သည် လှပသော သုံးနားညီ တြိဂံလေးကို သေသပ်စွာ တည်ဆောက်နိုင်ခဲ့ပေသည်။ ထိုအခါ ပုထုဇဉ်တစ်ဦး၏ စိတ်သဘာဝအရ နာကျင်မှု အငြိုးအတေး ဒဏ်ရာတို့သည် ကင်းကင်းပပ မကျက်လတ်သေး။ ဒဏ်ရာ အနာတို့ ပျောက်ကင်းသွားသည့်တိုင်၊ အသည်းနှလုံးတွင် အမာရွတ်တို့သည် ကြီးမားထူထဲစွာ တည်ရှိနေသေး၏။





ထို့ကြောင့် ကျွန်တော်နေထိုင်ရာ တိုက်အိမ်ခန်း၏ ဧည့်ခန်းနံရံ၌ မည်သူ့ကို ရည်စူးမှန်းမသိသော စာတန်းတစ်တန်းကို မာန်အပြည့်၊ ထန်အပြည့်ဖြင့် ရေးထိုးဖိကပ်ထားလိုက်မိသည်။

*"ငါဒုက္ခရောက်နေတုန်းက*

*မင်း ..., ဘယ်ရောက်နေသလဲ"*

❈

သူငယ်ချင်း အပေါင်းအသင်းများ၊ အသိအကျွမ်းပေါင်းများ၊ ကျွန်တော့်အိမ်သို့ လာရောက်လည်ပတ်သည့်အခါ အလိုက်အထိုက် ဧည့်ခံစကားပြောရင်း အထက်ပါ ထိုစာတန်းကို ဥပါယ်တံမျဉ်ဖြင့် ကျွန်တော် မြင်စေ၊ တွေ့စေ၊ ဖတ်ရှုစေပါသည်။ ထိုစာတန်းကို ဖတ်ရှုမြင်သွားသည့်သူတိုင်း မျက်နှာထားပြောင်းကာ နှုတ်ဆိတ်ငြိမ်သက်သွားကြရှာလေသည်။

❈



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါတွင် နှစ်ပေါင်းများစွာ မတွေ့ရသည်မှာ ကြာပြီဖြစ်သော ကျွန်တော့်သူငယ်ချင်းတစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်ရှိလာပါသည်။ ရှေးဟောင်းနှောင်းဖြစ်များကို ကရားရေလွှတ် တတွတ်တွတ်ပြောရင်း အထက်ပါ ထိုစာတန်းကို တွေ့မြင်ဖတ်ရှုတော့လေ၏။

အသံထွက်၍ ဖတ်ရှုခြင်း ဖြစ်လေသည်။

"ငါဒုက္ခရောက်နေတုန်းက မင်း ဘယ်ရောက်နေသလဲ၊ ဟား... မောင်လှမျိုး၊ ဒီစာတန်းကြီးက ဘာဖြစ်လို့ ရေးထားတာလဲ"

"အားလုံးကို စိတ်နာလို့၊ ငါ တမင်ရေးထားတာ အဲဒီစာတန်းကိုဖတ်ပြီး ငါမေးတဲ့မေးခွန်းကို ဘယ်သူမှ မဖြေနိုင်ကြဘူးကွ"

"ဟား ဟား... ငါဖြေနိုင်တယ် မောင်လှမျိုး"

"ဖြေလေ... မင်း ဘယ်လိုဖြေမလဲ"





"ငါ ဒုက္ခရောက်နေတုန်းက မင်း ဘယ်ရောက်နေသလဲတဲ့၊ မင်းက မေးတယ်၊ အေး... ငါဖြေပြီ။

မင်းဒုက္ခရောက်နေတုန်းက... ဟား ဟား...

ငါလည်း ဒုက္ခရောက်နေတယ်ကွ"

"မင်း ဘယ်လိုဖြေလိုက်တာလဲ"

"ငါ အမှန်အတိုင်း ဖြေလိုက်တာလေ"

ထိုသူငယ်ချင်း၏မျက်နှာကို တစ်လှည့်၊ နံရံမှ စာတန်းကို တစ်လှည့်ကြည့်ရင်း ကျွန်တော် လွန်စွာ အရှက်ရသွားရလေသည်။ ရှက်ရက်နှင့် ရယ်မောလျက်၊ နံရံမှ ထိုစာတန်းကို ကျွန်တော် ဖြုတ်သိမ်းသွင်းပစ်လိုက်ရသည်။

❋

လူတိုင်း လူတိုင်းသည် အချိန်နှင့်အမျှ နေ့စဉ်နှင့်အမျှ ဒုက္ခများ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရေး၊ နေရေးဟူသော အနှားသုံးနားပါသည့် တြိဂံတစ်ခုကို တည်ဆောက်နေကြသူများ ဖြစ်သည်။

ဒုက္ခအလုံးစုံကို ရင်ဆိုင်ရင်း မိတ်ဆွေအချင်းချင်း၊ သူငယ်ချင်း အချင်းချင်း၊ ဆွေမျိုးသားချင်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် လှည့်မကြည့်၊ ငဲ့မကြည့်နိုင်ဘဲ၊ ပင်ပန်းစွာ ရုန်းကန်နေကြရတာပါလားဟု ကျွန်တော် ပို၍ ပို၍ သိမြင်တတ်ခဲ့ရပေသည်။ ။

❋❋❋

2005 Oct 7

1:52 (P.M)

အလက်ာဝတ်ရည်

အမှတ် (၆)၊ ဒီဇင်ဘာ၊ ၂၀၀၅



# ကိုရီးယားမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁)

''ကောင်မလေးတွေက ကိုရီးယားမင်းသားနဲ့တူတဲ့ ဖြူဖတ်ဖြူရော် ကောင်လေးတွေကိုမှ ကြိုက်တာဗျ။ ကျွန်တော်တို့လို မြန်မာမျက်နှာမျိုးတွေ မကြိုက်ဘူး။ ရည်းစားလေးတစ်ယောက်ထားဖို့တောင် ကိုယ့်အသားရောင်က ညိုတိုတို မည်းတဲတဲဆိုတော့ ဖြူဖတ်ဖြူရော် ကိုရီးယားမျက်နှာတွေနဲ့ယှဉ်လိုက်ရင် မျက်နှာငယ်တယ်ဗျာ။

စမ်းချောင်းရေပြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တော့မယ်။ ဒီအသားရောင် ညှိုညစ်ညစ်ကြီးကိုလည်း ဘယ်အလှပြင်ခန်းကမှ ဖွေးဖွေးဖြူအောင် လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး''

ထွဋ်ခေါင်ကျော်ဟု ခေါ်သော ကောင်လေးတစ်ယောက်၏ လူငယ်ပီပီ ညည်းညူရင်ဖွင့်သော စကားလုံးများ ဖြစ်သည်။ ခင်မင်မှုဖြင့် ကျွန်တော့်ရှေ့တွင် ရင်းနှီးစွာ သူ ညည်းတွားသော်လည်း သူ့စိတ် ပြေရာ ပြေကြောင်း စကားတစ်ခွန်းကိုမျှ ကျွန်တော်... ခွန်းဟ, ချွေးသိပ်မှု မပြုလုပ်နိုင်ခဲ့ချေ။

တစ်စုံတစ်ရာအတွက်...

ကျွန်တော် ရင်လေးနေမိပါသည်။ ထွဋ်ခေါင်ကျော် ပြောဆိုရင်ဖွင့်သကဲ့သို့ မြန်မာမိန်းကလေးများ တကယ်ပဲ မြန်မာမျက်နှာကို မနှစ်သက်တော့ပြီလား... ဟု တွေးတော ရင်မောမိခဲ့ပါသည်။

❉

''ကောင်လေးတွေကလေ... စကတ်တိုတို၊ ဆံပင်တိုတို၊ အသားဖြူဖြူ၊ ခြေတံသွယ်သွယ် ဖွေးဖွေးနဲ့ ကိုရီးယား မျက်နှာလေးတွေကိုမှ ချစ်စရာ၊ ကြိုက်စရာလို့ မြင်နေကြတာ။

ကျွန်မတို့လို အသားညိုညို၊ မျက်ခုံးထူထူ၊ ဆံပင်ရှည်ရှည်တွေကို ဖုတ်လေတဲ့ငါးပိ၊ ရှိတယ်လို့တောင် ထင်မှာမဟုတ်ဘူး။ ခြေတံသွယ်မသွယ်၊ ဖွေး မဖွေးတော့ မပြောရဲပါဘူး။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက မြန်မာလေ။ သလုံးသား၊ လက်မောင်းသား၊ ဖော်ဝတ်ဖို့နေနေသာသာ၊ အကျႌ ထမီ ခေတ်မီမီ ပုံစံလေး ချုပ်ဝတ်မိတာနဲ့ ဘွားအေကြီးက ဆေးလိပ်ပြာခွက်နဲ့ ကောက်ပေါက်တော့တာပဲ။

ယောက်ျားလေးအများစု ကြိုက်ကြ၊ ငေးကြတဲ့ ကိုရီးယား မင်းသမီးမျက်နှာတွေနဲ့ ကောင်မလေးတွေလို ကျောပြောင်၊ လက်ပြောင်၊ ကျောဟောင်းလောင်း၊ ရင်ဟောင်းလောင်း၊ ခြေဟောင်းလောင်း၊ လက်ဟောင်းလောင်းသာ ဝတ်မိလို့ကတော့ အသက်ခုနစ်ဆယ် ကျွန်မအဘွား၊ ကျွန်မကိုသတ်ပြီး ကြိုးစင်တက်လိမ့်မယ်။ ကျွန်မအဘွားက မြန်မာလေ။

အိမ်ထောင်ပြုရင်လည်း မြန်မာနဲ့ပဲ ပြုရမယ်တဲ့။





ခက်တာက မြန်မာကောင်လေးတွေက ကျွန်မတို့လို မြန်မာမျက်နှာမျိုးကိုမကြိုက်ဘဲ၊ ကိုရီးယားမျက်နှာတွေကိုပဲ ငေးနေကြတာ။ အဲဒါကို ကျွန်မအဘွားက အိမ်ထဲမှာ အနေများတော့ မသိရှာဘူးလေ။

ယူမယ့်၊ ကြိုက်မယ့်သူ မရှိလည်း နေပါစေတော့။ ကိုယ့်မြန်မာမျက်နှာလေးကို မှန်ကုတ်ကုတ်၊ ဖြူရော်ရော် မျက်နှာဖြစ်အောင်တော့ မပြောင်းချင်ပါဘူး''

ခင်လေးရည် ဟု ခေါ်သော ကောင်မလေးတစ်ယောက်၏ ရင်ဖွင့်စကားသံ ဖြစ်ပေသည်။ ၎င်းကိုလည်း မည်သို့သော အကြံပေးစကားမျှ ကျွန်တော် မပြောဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော်.. ကျွန်တော် ရင်လေးနေရသောကြောင့် ဖြစ်ပါသည်။

❋❋❋


www.burmeseclassic.com

www.burmeseclassic.com

## (၂)

နှစ်နှစ်ခန့်ကြာသောအခါ ထွန့်ခေါင်ကျော် အိမ်ထောင်ပြုသော သတင်းနှင့် ခင်လေးရည် အိမ်ထောင်ပြုသောသတင်း ကြားရသည်။ လူ့သဘာဝအရ အိမ်ထောင်ရက်သားပြုသည်မှာ မဆန်းပြားသော်လည်း သူတို့နှစ်ဦး၏ အိမ်ထောင်ဘက်များကို ကျွန်တော် လွန်စွာ တွေ့ဖူး မြင်ဖူးချင်သဖြင့် နှစ်ဦးစလုံးထံသို့ အရောက်သွားဖို့ ဆုံးဖြတ်လိုက်သည်။





ထွန့်ခေါင်ကျော်၏ဇနီး မမင်းမင်းနှင့် စကားပြောဖြစ်သည်။ ဟို… အရင်က ထွန့်ခေါင်ကျော်၊ ပြောဆိုညည်းတွားခဲ့သည့် စကားကို အခြေခံ၍ ထွန့်ခေါင်ကျော်၏ဇနီး မမင်းမင်းကို ကျွန်တော် ရင်းနှီးခင်မင်စွာ မေးမြန်းဖြစ်လေသည်။ ထွန့်ခေါင်ကျော်ကို ဘာကြောင့် ချစ်ခင်လက်ထပ်ရသည်ဆိုသည့်အကြောင်း…။

''ကိုထွန့်ခေါင် သေသေချာချာ မလေ့လာလို့ပါ၊ မိန်းကလေးဆိုတာကတော့ အလှကြိုက်တတ်ကြတာပဲ၊ အလှကြိုက်လို့ ကိုရီးယားမင်းသား ချောချောလေးတွေ၊ သူတို့နဲ့တူတဲ့ အပြင်က ကောင်လေးတွေကို ငေးကြမောကြတာပေါ့။

ဒါပေမဲ့ ဘဝနဲ့ယှဉ်ပြီး စဉ်းစားဆုံးဖြတ်ကြရမယ်ဆိုရင်တော့ လက်ကျောတင်းတဲ့ ခင်ပွန်းကိုပဲ ချစ်ဖေ



www.burmeseclassic.com

www.burmeseclassic.com

လက်တွဲကြတာပါပဲ။ ကြိုက်တာက ဘယ်သူကြိုက်ကြိုက်

ရတယ်။ ချစ်တာကတော့ ကိုယ့်လူမျိုး၊ ကိုယ့်ရေမြေ၊

ကိုယ့်သဘာဝကိုပဲ ကိုယ်ချစ်တာပေါ့။ အဲဒါကြောင့်

ကိုထွဋ်ခေါင်ကို ကျွန်မ လက်ထပ်တာပါ"

ထိုနည်းတူစွာပင် မြန်မာဆန်သော ခင်လေးရှည်တို့ မောင်နှံဆီ ကိုလည်း ကျွန်တော် ရောက်ဖြစ်ခဲ့သည်။ ခင်လေးရှည်၏ ခင်ပွန်း ဇော်ထက်စိုးဟု ခေါ်သော ကောင်လေးနှင့် စကားပြောဖြစ်သည်။ ရင်းနှီးစွာ မေးမြန်းဖြစ်သည်။ ခင်လေးရှည်လို အနေအေးအေးနှင့် မိန်းကလေး တစ်ဦးကို အဘယ်ကြောင့် လက်ထပ်ဖြစ်သည်ဆိုသော အကြောင်း။

"အစ်ကိုကလည်း ယောကျ်ားချင်း သဘော

ပေါက်သင့်တယ်။ ကျွန်တော်က ဟိုတုန်းက ပွေတယ်ဗျ။

အစ်ကိုတို့၊ မခင်လေးတို့ ပြောသလိုပါပဲ။ အဲဒီ ဖြူဖြူ





ဖွေးဖွေး၊ ကျော့ဗလာ၊ ရင်ဗလာ၊ ကိုရီးယား မင်းသမီး

မျက်နှာလေးတွေကို ကြိုက်တာပေါ့၊ တွဲတာပေါ့။

ဒါပေမဲ့ . .

ကျွန်တော်က မြန်မာလေဗျာ။ ပွဲတက်ဇနီးမယား

အဖြစ် လူရှေ့သူရှေ့ ဂုဏ်ယူဝံ့ကြွားပြီး လက်တွဲရမဲ့

ဘဝအဖော်ကိုတော့ မြန်မာဆန်ပြီး အနေအေးတဲ့ မြန်မာ

မျက်နှာလေးကိုပဲ မြတ်နိုးမှာပေါ့။ လက်ထပ်မှာပေါ့။ ဒါကို

အထူးအဆန်းလုပ်ပြီး မေးနေရသေးလား။

ကိုယ့်ဇနီးမယားရဲ့ အလှအပကို ဘယ်သူငေးငေး

ကျွန်တော် မကြိုက်ဘူးဗျာ။ အဲဒါကြောင့် လုံလုံခြုံခြုံနဲ့

လှတဲ့ မခင်လေးကို ကျွန်တော် လက်ထပ်တာပေါ့"

ကျွန်တော်. . . ဘာအတွက်မျှ ရင်မလေးတတ်တော့ပါ။ ရင်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ပါ။ အဲ... မိတ်ဆက်ပေးဖို့ မေ့နေလို့ပါ။ ကျွန်တော် မြန်မာ

စာရေးသူတစ်ယောက် ဖြစ်ပါသည်။ ။

REVENUE ကျာနယ်

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)

စမ်းရေပြာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com